# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957


## ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)


၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ တနင်္လာနေ့။ Monday, 11 March 2024 ၁၁၃၉၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပခုက္ကူဈေးကွက်အတွင်း မိုးကြက်သွန်နီတစ်ပိသာလျှင် ငွေကျပ် ၂၅၀၀ ရရှိ

ပခုက္ကူ မတ် ၁၀

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်အတွင်း တင်ပို့ရောင်းချသည့် မိုးကြက်သွန်နီတစ်ပိသာလျှင် အများဆုံးငွေကျပ် ၂၅၀၀ အထိ ရရှိကြောင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

ကြက်သွန်နီများကို ပခုက္ကူနှင့် ဆိပ်ဖြူမြို့နယ်ဒေသများမှ အများဆုံးဝင်ရောက်လာကြောင်း၊ ၂၀၂၄ ခုနှစ် မတ်လအတွင်း ကြက်သွန်ဝင်ရောက်မှု ပျမ်းမျှပိသာချိန်ပေါင်း အများဆုံး ၁၃၀၀၀၀ ခန့်အထိ နေ့စဉ်ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိတွင် ကြက်သွန် တစ်ပိသာလျှင် အနည်းဆုံး ငွေကျပ် ၁၀၀၀ မှ အများဆုံး ငွေကျပ် ၂၅၀၀ ခန့်အထိ ရှိကြောင်း၊ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖




### ယနေ့ ဖတ်စရာ

အရန်တပ်ဖွဲ့ နည်းဥပဒေများ ထုတ်ပြန်ကြေညာ
စာမျက်နှာ » ၂

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိသာ ၅၂၁၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ
စာမျက်နှာ » ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၄ နှစ်တာခရီး
ဆောင်းပါး စာမျက်နှာ » ၆

ပလတ်စတစ် သုံးစွဲမှု လျှော့ချရေး နည်းလမ်းကောင်းများ
ဆောင်းပါး
စာမျက်နှာ » ၁၀




## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၁၀

| | | |
|---|---|---|
| တောင်တွင်းကြီး | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| လေးထပ်ပြင် | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| ငါးသိုင်းချောင်း | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၉ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၉ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၃၉ | ဒီဂရီဆဲလ်စီးယပ် |

## ခေါင်လန်ဖူးမြို့နယ်၌ ရီဒမ်းတံတားသစ် တည်ဆောက်မှု ၄၇ ရာခိုင်နှုန်း ပြီးစီး

ခေါင်လန်ဖူး မတ် ၁၀

ကချင်ပြည်နယ်ရှိ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရန်အတွက် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်၌ ရီဒမ်းတံတားသစ်တည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်မှု ၄၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မေခမြစ်ကိုဖြတ်သန်း၍ မူလကြိုးတံတားအရှည် ပေ ၃၆၀ ရှိသော ရီဒမ်းကြိုးတံတားဟောင်းနှင့် ရေစုန်ဘက် ပေ ၂၅၀၀ အကွာ၌ အဆိုပါ ရီဒမ်းတံတားသစ်အား တည်ဆောက်နေခြင်းဖြစ်ပြီး ပူတာအိုမြို့၊ မချမ်းဘော့မြို့နှင့် နောင်မွန်းမြို့နယ်တို့ကိုဖြတ်၍ စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪



ခေါင်လန်ဖူးမြို့နယ်၌ တည်ဆောက်နေသော ရီဒမ်းတံတားသစ် ဒီဇိုင်းပုံစံကို တွေ့ရစဉ်။

ကြေးမုံ

# လူငယ်များအနာဂတ်ပထမဦးဆုံးအပြောင်းအလဲ

၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲများကို နိုင်ငံတစ်ဝန်းတွင် ယနေ့စတင်ဖြေဆိုနေကြပြီဖြစ်သည်။ မတ်လ ၁၁ ရက်နေ့မှ ၁၉ ရက်နေ့အထိ တစ်ရက်လျှင် တစ်ဘာသာဖြင့် ဖြေဆိုနေကြသည့် စာမေးပွဲသည် ကျောင်းသား ကျောင်းသူလူငယ်လူရွယ်များ၏အနာဂတ်အတွက် ဘဝတစ်ဆစ်ချိုးပြောင်းလဲစေမည့်အရည်အချင်းစစ်ဆေးပွဲ ဖြစ်သည်။ ပညာအရည်အချင်းပြည့်မီသူများ ဘာသာရပ်ဆိုင်ရာအလိုက် တက္ကသိုလ်အသီးသီးသို့ ဝင်ခွင့်ရကြပြီး အဆင့်မြင့်ပညာများကို ဆက်လက်ဆည်းပူးနိုင်မည်ဖြစ်သည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသည် ယခုစနစ်သစ် Grade 12 (ယခင် ၁၀ တန်း)စာမေးပွဲဖြစ်ပြီး စနစ်သစ်ပညာရေးစနစ်၏ ပထမဆုံးကျင်းပသည့် အခြေခံပညာအဆင့် နောက်ဆုံးစာမေးပွဲဖြစ်သည်။ Grade 12 သင်ရိုးသစ်စာမေးပွဲသည် အခြေခံပညာအထက်တန်း ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပထမဆုံးအရည်အချင်းစစ်သည့်စာမေးပွဲ ဖြစ်သည်။ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ရိုးသစ်၊ မေးခွန်းပုံစံအသစ်များကို လေ့ကျင့်သင်ကြား၊ သင်ယူခဲ့ကြပြီး ပထမဆုံးရင်ဆိုင်ရသောစာမေးပွဲဖြစ်၍ စိုးရိမ်ပူပန်မှုနှင့် စိတ်ဝင်စားမှု အမြင့်မားဆုံးစာသင်နှစ်တစ်နှစ်ဟု ဆိုရမည်ဖြစ်သည်။

ပထမဆုံးကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲသည် ယခင်စနစ်ဟောင်း တက္ကသိုလ်ဝင်စာမေးပွဲများထက် ဖြေဆိုသူအရေအတွက် နည်းပါးသော်လည်း စိတ်ဝင်စားမှုနှင့် ကြိုးစားအားထုတ်မှုတွင် မြင့်မားနေသည်ကို တွေ့ရသည်။ ယခုပညာသင်နှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးသည့်အန္တရာယ်များကြောင့် ဖြေဆိုသူအရေအတွက်နည်းပါးခြင်းလည်းဖြစ်နိုင်ပေသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စာစစ်ဌာန ၇၃ ခု ဖွင့်လှစ်ထားပြီး ပြင်ပမှဖြေဆိုသူ ၂၅၀၉ ဦးအပါအဝင် ကျောင်းသား ၈၆၀၉ ဦး၊ ကျောင်းသူ ၁၀၃၄၂ ဦး ဖြေဆိုကြမည်ဖြစ်သည်။ စာမေးပွဲတွင် သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲနှင့် ဝိပ္ပံတွဲတို့ကို ဖြေဆိုကြမည်ဖြစ်ပြီး စိတ်ကြိုက်မြန်မာစာဘာသာရပ်၌ တစ်ဦးတည်းသာ ဖြေဆိုသည်ဟု သိရသည်။

နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအသီးသီးတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်အသီးသီးမှတာဝန်ရှိသူများက စာစစ်ဌာနများ လုံခြုံရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးနှင့် အခြားလုံခြုံရေးဆိုင်ရာလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ဆေးရုံတက်ရောက်ကုသနေသော တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုလိုသည့် ကျောင်းသား ကျောင်းသူများအတွက် ဆေးရုံစာဖြေဌာနများကိုလည်း ဖွင့်လှစ်ပေးထားသည်။ အခြားလိုအပ်သောအခက်အခဲများရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယခုပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် အဘက်ဘက်တွင် လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပညာရေးမှူးများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့နေထိုင်ကြသော ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုခွင့်အခွင့်အရေးများ မဆုံးရှုံးစေရန် နေထိုင်ရာဒေသများတွင် စာမေးပွဲဖြေဆိုနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးထားသည်။ ထို့ကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဖြေဆိုကြရန်နှင့် စနစ်သစ်ပညာစနစ်တွင် ပထမဆုံးကျင်းပသည့် တက္ကသိုလ်ဝင် (Grade 12) စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်သည်။

တိုင်းပြည်၏အနာဂတ်၊ လူငယ်လူရွယ်များ၏အနာဂတ်အတွက် ပညာရေးသည် အဓိကကျသောအချက်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်လူရွယ်များ များစွာလိုအပ်သည်။ ထို့ကြောင့် အနာဂတ်တွင် လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေး၊ အမျိုးသားစရိုက်လက္ခဏာများ ထိန်းသိမ်းရေးနှင့် တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ ရင်ပေါင်တန်းလိုက်ပါနိုင်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ဖြစ်စေရန် နိုင်ငံတော်အစိုးရက ဘက်စုံပညာရေးစနစ်ကို မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ စနစ်သစ်ပညာရေး၏ အထက်တန်းအဆင့် နောက်ဆုံးအရည်အချင်းစာမေးပွဲဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲ Grade 12 အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## အရန်တပ်ဖွဲ့ နည်းဥပဒေများ ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ် မတ် ၁၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၄)ဖြင့် အရန်တပ်ဖွဲ့ နည်းဥပဒေများကို ထုတ်ပြန်ကြေညာကြောင်း သိရသည်။ အဆိုပါ နည်းဥပဒေများတွင် အခန်း(၇)ခန်း၊ နည်းဥပဒေအပိုဒ်ပေါင်း(၂၇)ပိုဒ်၊ နောက်ဆက်တွဲပုံစံ(၈)ခုဖြင့် ဖော်ပြထားပြီး အခန်း(၁)တွင် အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အခန်း(၂)တွင် အရန်တပ်ဖွဲ့ဝင် စစ်မှုထမ်းရန်ကာလ၊ အခန်း(၃)တွင် အရန်တပ်ဖွဲ့ဝင် ဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၄)တွင် မှတ်ပုံတင်ခြင်း၊ ဆေးစစ်ဆေးခြင်းနှင့် အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းခြင်းတို့အတွက် ဆင့်ခေါ်ခြင်း၊ အခန်း(၅)တွင် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၆)တွင် အကျိုးခံစားခွင့် သတ်မှတ်ချီးမြှင့်ခြင်း၊ အခန်း(၇)တွင် အထွေထွေပြဋ္ဌာန်းချက်တို့ပါရှိကြောင်း သိရသည်။

သတင်းစဉ်

## မုဒုံမြို့၌ စူဠဘွဲ့နှင်းသဘင်နှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကျင်းပ



မုဒုံ မတ် ၁၀

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသည့် စာအောင်သံဃာအရှင်သူမြတ်တို့အား အောင်လက်မှတ်၊ စာအောင်ဆု ဆက်ကပ်လှူဒါန်းသည့် စူဠဘွဲ့နှင်းသဘင်နှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကို ယမန်နေ့က ကုဋ္ဌာသယသာသနဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဂျုံးဂျုံးဂျတောရကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိဝဏ္ဏထံမှ ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဩဝါဒကထာ ချီးမြှင့်ပေးခဲ့သည်။ ထို့နောက် မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ကျောင်းသစ်ကျောင်းဆရာတော်က စာအောင်ဆုချီးမြှင့်မည့် အစီအစဉ်များကို ရှင်းလင်းမိန့်ကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကန်ကြီးစေတီတော်ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ဓမ္မာစရိယစာအောင် သံဃာတော် ၂၉ ပါး၊ ပါဠိပထမပြန် စာအောင်သံဃာတော် ၃၄၁ ပါးတို့အား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ဆရာတော်ကြီးများ၊ စာအောင်သံဃာများနှင့် ပင့်သံဃာများအား ဧည့်ပရိသတ်အပေါင်းတို့က ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၅၀၀ ခန့် ဆက်ကပ် လောင်းလှူခဲ့ကြကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး - | ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် - | ဦးနိုင်လင်းကြည်၊ | စာပြင် - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - | ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့ကျင်းပ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်ကြည်ညို

**ရန်ကုန် မတ် ၁၀**

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ယနေ့ နံနက် ၈ နာရီ၌ ကျင်းပသည်။

## တက်ရောက်ကြည်ညို

အစည်းအဝေးသို့ နိုင်ငံတော်သြဝါဒစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာ လင်္ကာရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက် အောင်မြင်ကြောင်းနှင့် ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင်ပါရှိသည့်အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

## ဆက်ကပ်

ထို့နောက်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် နိုင်ငံတော်သံဃ ဝိနိစ္ဆယအဖွဲ့ဝင်ဆရာတော်အပါး ၃၀ တို့အား နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ်များ ဆက်ကပ်တော်မူပြီး ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့နှင့် အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်ပညာရေးဗဟိုအဖွဲ့ ဆရာတော်များအား အသိအမှတ်ပြုလွှာများနှင့် အသိအမှတ်ပြုဂုဏ်ပြုလွှာများ ဆက်ကပ်သည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ သြဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ရွှေကျင်ဂိုဏ်း၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း၊ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၊ ဓမ္မဝိနယာနုလောမမူလဒွါရနိကာယဂိုဏ်း၊ ဓမ္မာနု ဓမ္မမဟာဒွါရနိကာယဂိုဏ်း၊ ဝေဠုဝန်နိကာယဂိုဏ်း၊ အနောက်ချောင်းဒွါရဂိုဏ်းစသည့် ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်ဆရာတော်တစ်ပါးစီတို့က လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်တော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ သဘာပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက နိဂုံးချုပ်ဩဝါဒကထာကို ဖတ်ကြားတော်မူရာ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက နာယူတော်မူကြသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များ အားလုံးက **“ဇယန္တော ဗောဓိယာ မူလေ”** အစချီ နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူကြပြီး **“သာဓု”** သုံးကြိမ်ခေါ်ဆိုကာ အဋ္ဌမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကြီးကို ယနေ့နံနက်ပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။



အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့ကျင်းပစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

## ဆွမ်းဆက်ကပ်လှူဒါန်း

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း) ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစု၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း) ဇနီး ဒေါ်မြမြစန်း မိသားစု၊ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန် နိုင်ငံတော်သမ္မတ(ငြိမ်း) ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစု၊ မဟာသရေစည်သူ (ဗိုလ်ချုပ်ကြီး စိုးဝင်း) (ငြိမ်း) ဇနီး ဒေါ်သန်းသန်းနွဲ့ မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး(ငြိမ်း) ဇနီး (ဒေါ်ကြည်ကြည်အုန်း) မိသားစု၊ ဇေယျကျော်ထင်ဗိုလ်ချုပ်တင်ငွေ(ငြိမ်း) ဇနီး ဒေါ်နန်းခင်လှဝင်း မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း(ငြိမ်း) ဇနီး ဒေါ်မာလာတင့် မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး(ငြိမ်း) ဇနီး ဒေါ်ခင်နှင်းဝေမိသားစု၊ မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို) (ငြိမ်း) ဇနီး ဒေါ်ခင်လေးမြင့် မိသားစု၊ မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း) (ငြိမ်း)ဇနီး (ဒေါ်ခင်စန်းရီ) မိသားစုနှင့် မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း) ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုတို့က ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် အကျိုးတော်ဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ တို့သီတင်းသုံးရာ မဟာနာယက ကျောင်းတော်ကြီးသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသြဝါဒခံယူခဲ့သည်။

## ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာသနာရေးဦးစီးဌာနပိုင် ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ ကမ္ဘာအေးစာပုံနှိပ်တိုက်သို့ သွားရောက်၍ ပုံနှိပ်စက်များ လုပ်ငန်းလည်ပတ်မှု အခြေအနေနှင့် လတ်တလောရိုက်နှိပ်ထုတ်ဝေမည့် သာသနာရေးဆိုင်ရာ စာအုပ် ၃၉ မျိုးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ စွယ်တော်မြတ် စေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညို၍ စေတီတော် ဂေါပကအဖွဲ့နှင့် တွေ့ဆုံပြီး ဘဏ္ဍာငွေသုံးစွဲရာတွင် စနစ်တကျရှိစေရေးနှင့် စေတီတော်မြတ်ကြီး သန့်ရှင်းသပ်ရပ်၍ ကြည်ညိုဖွယ်ဖြစ်စေရေးအတွက် ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည်များ လုပ်သင့်လုပ်ထိုက်သည်များကိုဆောင်ရွက်၍ ထိန်းသိမ်းစောင့်ရှောက်ပေးရန် လမ်းညွှန်မှာကြားခဲ့ပြီး စေတီတော်ပရိဝုဏ်အတွင်းရှိ ကျောက်ပန်းတောင်းဓမ္မာရုံအား ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

# (၇၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် အထင်ကရနေရာများအား သွားရောက်ဖူးမြော်လေ့လာ



နေပြည်တော် မတ် ၁၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့တွင် (၇၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့်စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊စစ်သည်များ၊တပ်မတော်(ကြည်း) အမျိုးသမီး စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့က နှစ်သုတ်ခွဲ၍ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ (၇၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ ဘုရားဖူးလာ စစ်ရေးပြစစ်ကြောင်းများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။ ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန် အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့ပြင် အဆိုပါ စစ်ရေးပြစစ်ကြောင်းများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ တပ်မတော် စစ်သမိုင်းပြတိုက်နှင့် သူရဲကောင်းဗိမာန်တို့ကို သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





ရီဒမ်းတံတားသစ် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

**❂ ခေါင်လန်ဖူးမြို့နယ်မှ**

ခေါင်လန်ဖူးမြို့ကို ဆက်သွယ်လျက်ရှိသော မဂွေဇ - ခေါင်လန်ဖူးလမ်းပေါ်၌ ရှိသည့် တံတားအမှတ်(၁/၄၄) ရီဒမ်းတံတားသစ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ ကျွမ်းကျင်အင်ဂျင်နီယာ ငါးဦးနှင့် ကာယဉာဏလုပ်သား ၅၀ တို့က တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ကမ်းကပ်ခုံကိုယ်ထည် A1 Cap၊ P1 နှင့် P2 တိုင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး P3 Bored Pile ဖောင်ဒေးရှင်းလုပ်ငန်းနှင့် P5 Caisson ဖောင်ဒေးရှင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တံတားသစ်တည်ဆောက်ရေးစီမံကိန်းတာဝန်ခံ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ထံမှ သိရသည်။

လက်ရှိတည်ဆောက်နေသည့် အဆိုပါ ရီဒမ်းတံတားသစ် အရှည်မှာ ပေ ၆၀၀ (၁၈၂ ဒသမ ၈၇ မီတာ) ရှိမည်ဖြစ်ပြီး တံတားသစ်၏ အပေါ်ထည်မှာ T/S Bailey with Steel Decking အမျိုးအစားဖြစ်ကာ တံတား၏ ကိုယ်ထည်မှာ သံကူကွန်ကရစ်ရေလယ်တိုင်နှင့် သံကူကွန်ကရစ်ကမ်းကပ်ခုံ အမျိုးအစားဖြစ်၍ တံတားအောက်ခံအုတ်မြစ်များအား အချင်းသုံးမီတာရှိသည့် Caisson Foundation၊ အချင်း ၂ ဒသမ ၄ မီတာ ရှိသည့် Caisson Foundation နှင့် အချင်း ၁ ဒသမ ၅ မီတာ ရှိသည့် သံကူကွန်ကရစ် ဘိုးပိုင်များဖြင့်တည်ဆောက်ထားကြောင်းသိရသည်။ တံတားခန်းဖွင့် အကျယ် ၁၉ မီတာ ခန်းဖွင့် တစ်ခန်း၊ အကျယ် ၃၃ ဒသမ ၅၃ မီတာ ခန်းဖွင့် နှစ်ခန်း၊ အကျယ် ၃၆ ဒသမ ၅၇ မီတာ ခန်းဖွင့် ၂ ခန်းနှင့် အကျယ် ၃၀ ဒသမ ၄၉ မီတာ ခန်းဖွင့် တစ်ခန်း တို့ဖြင့် ပါဝင်တည်ဆောက်ထားပြီး ယာဉ်တစ်စီးချင်းဖြတ်သန်းမောင်းနှင်နိုင်ရန် အတွက်ယာဉ်သွားလမ်းအကျယ် ၁၃ ပေရှိမည်ဖြစ်ကာ ရေလမ်းကင်းလွတ် အကျယ် ၁၀၂ ပေ (၃၁ ဒသမ ၀၃ မီတာ) နှင့်အမြင့် ရှစ်ပေ (၂ ဒသမ ၄၀၃ မီတာ) ရှိမည်ဖြစ်၍ တံတားခံနိုင်ဝန်မှာ ခွင့်ပြုယာဉ်အလေးချိန် တန် ၂၀ ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလမှစတင်ကာ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော အဆိုပါရီဒမ်းတံတားသစ် တည်ဆောက်ပြီးစီးပါက ခေါင်လန်ဖူးမြို့၊ နောင်မွန်းမြို့နှင့် မချမ်းဘော့မြို့တို့အတွက် တိုက်ရိုက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်လာစေမည် ဖြစ်ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ၅၂၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၁၁ ရက်မှ ၁၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၂၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**❖ ပခုက္ကူမှ**

ပြည်တွင်းဝယ်ယူစားသုံးမှုနှင့်ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မှု အခြေအနေတို့ပေါ်မူတည်ပြီး ကြက်သွန်ဈေး အတက်အကျရှိကြောင်း ပခုက္ကူကုန်စည်ဒိုင်မှ သိရသည်။

မြန်မာ့ထွက်ကုန်ကြက်သွန်မှာ ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပနိုင်ငံများကိုလည်းတင်ပို့ရောင်းချနေရကြောင်း၊ ကြက်သွန်ကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများတွင် အများဆုံးစိုက်ပျိုးလုပ်ကိုင်ကြပြီး အညာဒေသကျေးရွာများရှိ သဲချောင်းနေရာများနှင့် မြစ်ကမ်းနံဘေးနေရာတို့တွင် ရေသွင်းစနစ်ဖြင့် အဓိကစိုက်ပျိုးကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**







# မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပုသိမ် မတ် ၁၀**

မြန်မာနိုင်ငံ၏ ထင်ရှားသောဘုရားပွဲတော်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး တပေါင်းလဆန်း ၁ ရက်မှ လပြည့်အထိ(မတ် ၁၀ ရက်မှ ၂၄ ရက် အထိ) ၁၅ ရက်ကြာ ကျင်းပသွားမည့် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုရှိ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနား၊ ရင်ပြင်တော်တိုးချဲ့တည်ဆောက်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားများကို ယနေ့နံနက်ပိုင်းက စေတီတော်မြတ်ကြီး၏ တောင်ခြေရှိ မင်္ဂလာမုခ်ဦးတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ နယ်မြေခံရေတပ်စခန်းခေတ္တဌာနချုပ်မှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်ဘုရားဖူးများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲမင်္ဂလာအခမ်းအနားအား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မင်္ဂလာမုခ်ဦးအား အမွှေးနံ့သာရည်များပက်ဖျန်း



ပေးခဲ့ကြသည်။ ထို့နောက် ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များလိုက်ပါလျက် စေတီတော်မြတ်ကြီးအားလက်ျာရစ် လှည့်လည်ပူဇော်ပြီး သစ်သီးဆွမ်း၊ ဆီမီး၊ ရေချမ်း၊ ပန်းများကပ်လှူပူဇော်ခဲ့ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ရင်ပြင်တော်တိုးချဲ့တည်ဆောက်ခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်း မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာတော်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဩဝါဒါစရိယ ပုသိမ်မြို့ မရမ်းချိုကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်ကြီး အမှူးပြုသောဆရာတော်အရှင်သူမြတ်များက မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာ ဆင်ယင်ကျင်းပတော်မူခဲ့ကြသည်။

ဆက်လက်၍မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနား၊ ရင်ပြင်တော်တိုးချဲ့တည်ဆောက်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် ရေစက်ချ မင်္ဂလာအခမ်းအနားကို စေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ မဟာမင်္ဂလာမဏ္ဍပ်တွင် ပြုလုပ်ခဲ့ရာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မင်္ဂလာအခမ်းအနားအား ဖွင့်လှစ်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ပုသိမ်မြို့ မရမ်းချိုကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်ထံမှ ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး သံဃာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ ဆက်လက်နာယူကြည်ညိုကြကာ တာဝန်ရှိသူများက ဆရာတော် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# သာစည်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**သာစည် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရန် စာစစ်ဌာနများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို မတ် ၁၀ ရက်က ခရိုင်နှင့်မြို့နယ်မှတာဝန်ရှိသူများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းကြည့်ရှုရာတွင် ခေတ္တခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ သာစည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက စာစစ်ဌာနများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ မြို့နယ်ပညာရေးမှူး ဦးလှထွန်းနှင့် သက်ဆိုင်ရာ စာစစ်ဌာနတာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာများ၊ လုံခြုံရေးဆိုင်ရာများ စသည်ဖြင့် အဘက်ဘက်မှ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး စာမေးပွဲဖြေဆိုခန်းများကို လိုက်လံပြသသည်။ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး စာစစ်ဌာနတာဝန်ရှိသူများအတွက် လက်သန့်ဆေးရည်များ၊ ကော်ဖီနှင့် လက်ဖက်ရည်ထုပ်များ၊ အာဟာရမုန့်များ ပေးခဲ့ကြောင်း သိရသည်။



သာစည်မြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ငါးခု၌ ကျောင်းသား ကျောင်းသူ ၉၃၉ ဦး ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်သည့် ဘုရားဖူးပြည်သူများကို မွန်ရိုးရာအကဖြင့်ဖျော်ဖြေ

**ကျိုက်ထို မတ် ၁၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင်တည်ရှိသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်သည့် ဘုရားဖူးပြည်သူများအား ယနေ့နံနက်ပိုင်းက မွန် ရိုးရာအကဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် မတ် ၁၉ ရက်တွင် ကျရောက်သည့် နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့ အခမ်းအနားတွင် သွားရောက်ယှဉ်ပြိုင်မည့် ကျိုက်ထိုမြို့နယ် မွန်းရိုးရာအကအဖွဲ့က "မွန်ပြည်နယ်အတွင်းရှိ ဘုရားစေတီများအား လာရောက်ဖူးမြော်နိုင်ပါကြောင်း" တေးသီချင်းဖြင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများအား ကပြဖျော်ဖြေခဲ့ကြသည်။

ကပြဖျော်ဖြေပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့်အဖွဲ့ဝင်များ၊ မွန်ရိုးရာအကအဖွဲ့ကြီးကြပ်သူများနှင့် အကမယ်များ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၄ နှစ်တာခရီး

ထက်အောင်

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၁၁-၃-၂၀၂၄ ရက်နေ့တွင် ၁၄ နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၁/၂၀၁၀) ဖြင့် ပြဋ္ဌာန်းထားသော ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၃ တို့အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို စတင်ဖွဲ့စည်းပေးခဲ့ပါသည်။

ရုံးအမည်ကိုလည်း ယခင်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးဟုခေါ်ဆိုရာမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့ ရက်စွဲပါ စာအမှတ် ၁၀၆/ နယက (ဥ)/ တ၀-၂ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး နိုင်ငံရေးပါတီများနှင့်တွေ့ဆုံစဉ်။

## ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၄ နှစ်တာကာလအတွင်း ကော်မရှင် လေးခု၊ ဥက္ကဋ္ဌအားဖြင့် လေးဦး တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့တွင် ကြေညာချက်အမှတ် (၁/၂၀၁၀) ဖြင့် ဥက္ကဋ္ဌ ဦးသိန်းစိုးအမှူးပြုသောပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကော်မရှင်သည် ပြင်ဆင်ဆောင်ရွက်ရန် အချိန် ရှစ်လသာရရှိခဲ့ပါသည်။ အဆိုပါ ရှစ်လတာကာလအတွင်း၌ပင် ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေ၊ လွှတ်တော် ၃ ရပ်အတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ထုတ်ပြန်အတည်ပြုပြဋ္ဌာန်းနိုင်ရေး၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ သင်တန်းပေးခြင်း၊ နိုင်ငံရေးပါတီများ တည်ထောင်ခြင်း၊ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်၊ မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊ မဲစာရင်းများပြုစုခြင်း၊ မဲရုံများသတ်မှတ်ခြင်း၊ မဲရုံသုံးပစ္စည်းများ တွက်ချက်ဖြည့်ဆည်းပေးပို့ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား စိစစ်အတည်ပြုခြင်း၊ မဲလက်မှတ်များရိုက်နှိပ်ခြင်း၊ ဖြန့်ဝေခြင်း၊ မဲဆန္ဒရှင်ပြည်သူများအား ပညာပေးဆောင်ရွက်ခြင်းစသည့် များပြားလှသောလုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီပြီးစီးအောင် ဆောင်ရွက်ခဲ့ရပြီး ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ဆောင်ရွက်ခဲ့ရပါသည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံရေးပါတီ ၂၂ ပါတီ အနိုင်ရရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကိုလည်း အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ပါသည်။





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး နိုင်ငံရေးပါတီများနှင့် တွေ့ဆုံစဉ်။

## ၂၀၁၅ ခုနှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးနောက် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဥက္ကဋ္ဌ ဦးတင်အေး အမှူးပြုသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို နိုင်ငံတော်သမ္မတက ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ ကြေညာချက်အမှတ် (၅/၂၀၁၁) ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး အမှူးပြုသောကော်မရှင်အဖွဲ့သည် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို သမာသမတ်ကျစွာ ကျင်းပပေးပြီးသည့်နောက် ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို တရားမျှတစွာကျင်းပနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများနှင့် နိုင်ငံတကာမှ ယုံကြည်လက်ခံသောရွေးကောက်ပွဲဖြစ်ရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ စောင့်ကြည့်လေ့လာနိုင်စေရန် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ထုတ်ပြန်၍ စောင့်ကြည့်လေ့လာစေခဲ့ပါသည်။ မီဒီယာကဏ္ဍတွင်လည်း ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် သတင်းမီဒီယာကျင့်ဝတ်ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်ရေးဆွဲခဲ့ပြီး ရွေးကောက်ပွဲကာလအတွင်း ပြည်တွင်းနှင့် နိုင်ငံတကာသတင်းအဖွဲ့များအား သတင်းရယူခွင့်ပြုခဲ့ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို နိုင်ငံတကာက တရားမျှတသော ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုခဲ့ကြပါသည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၉၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံရေးပါတီ ၂၂ ပါတီ အနိုင်ရရှိခဲ့ပါသည်။

## ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးသည့်နောက် တတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဥက္ကဋ္ဌ ဦးလှသိန်းအမှူးပြုသော ကော်မရှင်အဖွဲ့ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ ကြေညာချက်အမှတ်၊ ၄/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အစိုးရအဖွဲ့များနှင့်အုပ်ချုပ်ရေးအဖွဲ့များက ဝင်ရောက်စွက်ဖက်ခြင်း၊ အာဏာရပါတီ ပိုမိုအခွင့်သာမည့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးအာဏာနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်တားမြစ်ချက်များကိုအသုံးချ၍ အသာစီးရယူဆောင်ရွက်ခြင်း၊ ရုပ်မြင်သံကြားနှင့်သတင်းစာမှ ထုတ်လွှင့်ဖော်ပြသည့် နိုင်ငံရေးပါတီများ၏ ဟောပြောချက်များကို ထုတ်လွှင့်ရာတွင်လည်း ပြိုင်ဘက် နိုင်ငံရေးပါတီများ၏ဟောပြောချက်များအား ဖြတ်တောက်ဆင်ဆာပြုလုပ်ခြင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဆောင်ရွက်နိုင်သည့် လုပ်ငန်း ၁၃ မျိုးမှ လေးမျိုးကို လျှော့ချခဲ့ပြီး စောင့်ကြည့်ခြင်းလုပ်ငန်းစဉ်အားဖြုတ်၍ လေ့လာခွင့်သာပြုခဲ့ခြင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့်ကျင့်ဝတ် Code of Conduct for Political Parties and Candidates (CoC) ရေးဆွဲရာတွင် ဝင်ရောက်စွက်ဖက်လွှမ်းမိုးဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်အမျိုးမျိုး ထုတ်ပြန်ခြင်းဖြင့် ဘက်လိုက်ဆောင်ရွက်ခြင်း၊ ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသော၊ မှန်ကန်မျှတမှုမရှိသော ကြိုတင်ဆန္ဒမဲကောက်ခံခြင်းများ ဆောင်ရွက်ခဲ့သဖြင့် တရားမျှတမှုမရှိသော ရွေးကောက်ပွဲဖြစ်ခဲ့သဖြင့် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာကို ထိန်းသိမ်းခဲ့ရပါသည်။

## လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ဥက္ကဋ္ဌ ဦးသိန်းစိုးအမှူးပြုသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်နေ့ ရက်စွဲပါ အမိန့်အမှတ်၊ (၇/ ၂၀၂၁) ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။ ဦးသိန်းစိုး အမှူးပြုသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် အမှတ်စဉ် (၁) ပါ မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ စာမျက်နှာ ၇ သို့ ❖

- ရုံးအမည်ကိုလည်း ယခင်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံးဟုခေါ်ဆိုရာမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့ ရက်စွဲပါ စာအမှတ် ၁၀၆/ နယက (ဥ)/ တ၀-၂ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်
- မဲမသမာမှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေးနှင့် ဆန္ဒမဲလက်မှတ်များဖောင်းပွမှုမဖြစ်စေရေးတို့အတွက် ရည်ရွယ်၍ Electronic မဲပေးစက် EVM ကို အသုံးပြုမဲပေးနိုင်ရန်နှင့် မဲဆန္ဒရှင်ပြည်သူလူထု၏ စာတတ်မြောက်မှုနှုန်း၊ နားလည်နိုင်မှုအခြေအနေတို့နှင့် ကိုက်ညီမည့် မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM) ကို တီထွင်ဆောင်ရွက်ခဲ့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ (၁၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ (၁၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ (ငြိမ်း) ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

**ပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက (၁၄) နှစ်တာကာလအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကော်မရှင်အသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ယခုလက်ရှိ ရွေးကောက်ပွဲကော်မရှင်၏ လာမည့်ရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတပြီး မဲဆန္ဒရှင်ပြည်သူများနှင့် နိုင်ငံတကာက လက်ခံယုံကြည်သော ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် ဝန်ထမ်းများကို လိုအပ်သောထောက်ပံ့မှုများနှင့် ထိုက်သင့်သော ဂုဏ်ပြုချီးမြှင့်ခြင်းတို့နှင့် စပ်လျဉ်းပြီး ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် စံပြထူးချွန်ဆု၊ ဒုတိယဆု၊ ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသော ဝန်ထမ်း ၁၂ ဦးနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် သင်တန်းတွင် ပထမဆုရရှိသော ဝန်ထမ်းတစ်ဦး စုစုပေါင်း ဝန်ထမ်း ၁၃ ဦးတို့ကို ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ ငွေကျပ်သိန်း ၆၀ ခန့် တန်ဖိုးရှိ ဆုမဲများ ကံစမ်းမဲဖောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် အထက်ဖော်ပြပါအချက်များ စစ်ဆေးတွေ့ရှိရပြီး တရားမျှတမှုမရှိသဖြင့် ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ခဲ့ရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ပါ တာဝန်ဖြစ်သည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေး၊ လွှတ်တော်အတွင်း တစ်ပါတီကြီးစိုးသည့်စနစ် မဖြစ်စေရေးနှင့် မဲဆန္ဒရှင်များ၏ဆန္ဒမဲများ အဟောသိကံ အလဟဿမဖြစ်စေရေးအတွက် ယခင်ကျင့်သုံးသော အများဆုံးရသူအနိုင်ယူ (FPTP) စနစ်အစား အချိုးကျကိုယ်စားပြုစနစ် (PR) ကို ပြောင်းလဲကျင့်သုံးနိုင်ရေးနှင့်စပ်လျဉ်းပြီး တည်ဆဲနိုင်ငံရေးပါတီများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့မှုများအရ ရွေးကောက်ပွဲစနစ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များအတွက် FPTP စနစ် ဆက်လက်ကျင့်သုံးပြီး ကျန်လွှတ်တော်ကိုယ်စားလှယ်များအား အချိုးကျကိုယ်စားပြုစနစ် Closed List (PR) ကို အသုံးပြု ရွေးကောက်တင်မြှောက်ရန် သဘောတူညီမှု ရယူသတ်မှတ်နိုင်ခဲ့ပါသည်။

ထိုကဲ့သို့ သတ်မှတ်ပြီးနောက် PR စနစ်နှင့် ကိုက်ညီမည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ၊ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ ရေးဆွဲထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းပြီးနောက် နိုင်ငံရေးပါတီများ တည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး အားကောင်းသောပါတီများ ဖြစ်စေရေး လိုအပ်သောစစ်ဆေးမှုများ၊ ညွှန်ကြားမှုများကို ဆောင်ရွက်ခဲ့ပါသည်။

မဲစာရင်းများပြုစုရာတွင် အထောက်အကူဖြစ်စေရန်အတွက် အခြေခံမဲဆန္ဒရှင်စာရင်းနှင့် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ ကနဦးမဲဆန္ဒရှင်စာရင်း စိစစ်ခြင်းစနစ် (IVLS) နှင့် Cross check ပြုလုပ်နိုင်သည့် Software များကို ရေးဆွဲခဲ့ပြီး သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများနှင့်ပူးပေါင်း၍ Pilot Project ဆောင်ရွက်ခဲ့ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပေးပို့လာသည့် လူဦးရေစာရင်း ပထမ (မူကြမ်း)ကို သက်ဆိုင်ရာမြို့နယ်အလိုက် မဲရုံအဆင့်အထိ လူဦးရေစာရင်း လျာထား ဆောင်ရွက်ရာတွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မြို့နယ်အဆင့်မဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ် (Admin DEO, DEO Software) နှင့် ဗဟိုမဲဆန္ဒရှင် စာရင်းစီမံခန့်ခွဲမှုစနစ် (CVLMS) တို့ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစနစ်များကို ကော်မရှင်၏သီးခြား Network အတွင်း ကိုယ်ပိုင် Server များဖြင့် ထိန်းသိမ်းထားရှိပါသည်။

မဲမသမာမှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေးနှင့် ဆန္ဒမဲလက်မှတ်များ ဖောင်းပွမှုမဖြစ်စေရေးတို့အတွက် ရည်ရွယ်၍ Electronic မဲပေးစက် EVM ကို အသုံးပြုမဲပေးနိုင်ရန်နှင့် မဲဆန္ဒရှင်ပြည်သူလူထု၏ စာတတ်မြောက်မှုနှုန်း၊ နားလည်နိုင်မှုအခြေအနေတို့နှင့်ကိုက်ညီမည့် မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM) ကို တီထွင်ဆောင်ရွက်ခဲ့ပါသည်။




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို နိုင်ငံရေးပါတီများနှင့်တွေ့ဆုံစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ၃၁-၁-၂၀၂၄ ရက်စွဲပါ အမိန့်အမှတ်၊ (၉/၂၀၂၄) အရ ဥက္ကဋ္ဌ ဦးသိန်းစိုးအား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုခဲ့ပြီး ဦးကိုကိုအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ်၊ (၁၀/၂၀၂၄) ဖြင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တာဝန်ပေးအပ်ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကြုံတွေ့ခဲ့ရသည့် အားနည်းချက်/ အားသာချက်များကို သင်ခန်းစာယူ၍ ရွေးကောက်ပွဲဖြစ်စဉ်များ၌ တရားမျှတမှုရှိစေရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုများ မဖြစ်ပွားစေရေးတို့အတွက် မဲဆန္ဒရှင်ပြည်သူများ၊ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့် Stakeholders များအပါအဝင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် အမှတ်စဉ် (၅) ပါ တာဝန်အရ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေး အလေးအနက်ထားဆောင်ရွက်နေမှုအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုမှတ်တမ်းတင်လိုက်ရပါသည်။ ။

# အာဟာရပြည့်ဝသော တိရစ္ဆာန်အစာကျွေးမွေးနိုင်ရန် နည်းပညာပေး လက်တွေ့သရုပ်ပြ

**နေပြည်တော် မတ် ၁၀**

မွေးမြူရေးတိရစ္ဆာန်များ ကြီးထွားဖွံ့ဖြိုးမှုနှင့် အသားထွက်ရှိမှု မြင့်မားပြီး မွေးမြူရေး တောင်သူများအတွက် ဝင်ငွေအကျိုးအမြတ် ရရှိရေးအတွက် မွေးမြူရေး တိရစ္ဆာန်အစာသည် လွန်စွာအရေးပါလျက်ရှိသည်။ ၎င်းအပြင် စားကျက် အခက်အခဲရှိသည့် ဒေသများ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် တိရစ္ဆာန်အစာ လိုအပ်ချက်သည် စိန်ခေါ်မှုတစ်ရပ်အဖြစ် ကြုံတွေ့လျက်ရှိရာ တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးနိုင်ရေးနှင့် တိရစ္ဆာန်အစာပြုပြင် စီမံဆောင်ရွက်ရန် နည်းလမ်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဖြန့်ဝေပေးခြင်းနှင့် လိုအပ်ချက်များ ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။



စားကျက် အခက်အခဲရှိသည့် ဒေသများနှင့် တိရစ္ဆာန်အစာအစိမ်းမရနိုင်သော ခြောက်သွေ့ကာလတွင် အာဟာရပြည့်ဝသောတိရစ္ဆာန်အစာကျွေးမွေးနိုင်ရန် တိရစ္ဆာန်အစာ ချဉ်ဖတ်ပြုလုပ်ခြင်းနှင့် ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ထုတ်လုပ်ခြင်း သရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ နို့စားနွားမွေးမြူရေး သရုပ်ပြနှင့် မျိုးဖြန့်ဖြူးရေးခြံ၌ ကျင်းပခဲ့ပြီး နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ တိရစ္ဆာန် ကျန်းမာရေးလုပ်သားများနှင့် မွေးမြူရေး တောင်သူများ တက်ရောက်လေ့လာခဲ့ကြသည်။

သရုပ်ပြပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက တိရစ္ဆာန်အစာ ချဉ်ဖတ်ပြုလုပ်ပုံနှင့် ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ထုတ်လုပ်ပုံများကို လက်တွေ့သရုပ်ပြသပြီး မွေးမြူရေးတိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှု အတွက် တိရစ္ဆာန်အစာ၏ အရေးပါပုံ၊ ရောဂါဒဏ်ခံနိုင်မှု၊ ထွက်ရှိလာသော အသား၏ စားသုံးမှုအရသာ အရည်အသွေးအပေါ် တိရစ္ဆာန်အစာ၏ လွှမ်းမိုးမှုတို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## အစိုးရစက်မှုလက်မှုသိပ္ပံများ၌ A.G.T.I ဒီပလိုမာအပ်နှင်းသည့်အခမ်းအနားများ ကျင်းပ




**နေပြည်တော် မတ် ၁၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ် (မန္တလေး၊ ကျောက်ဖြူ၊ ရွှေဘို)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညှင်း၊ ပူတာအို၊ ကန့်ဘလူ၊ ခန္တီး၊ မော်လမြိုင်၊ သံတွဲ၊ ပြင်ဦးလွင်၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ လက်ပံတန်း၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ အင်းစိန်၊ ရွှေပြည်သာ၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်) တို့၌ A.G.T.I ဒီပလိုမာအပ်နှင်းသည့် အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အစိုးရစက်မှုလက်မှုသိပ္ပံအသီးသီးမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် သင်ကြားသင်ယူ အောင်မြင်ခဲ့ကြသော A.G.T.I ဒီပလိုမာရရှိသူများကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က Video Message ဖြင့် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် A.G.T.I ဒီပလိုမာအပ်နှင်းသည့် အခမ်းအနားများတွင် ဒီပလိုမာလက်မှတ်ရယူမည့် မောင်မယ်များကို လှိုက်လှဲစွာဂုဏ်ပြုပါကြောင်းနှင့် မောင်မယ်များအနေဖြင့် မိမိတတ်မြောက်ထားသော နည်းပညာရပ်များကို အသုံးချပြီး တိုင်းပြည်ဖွံ့ဖြိုးရေးကဏ္ဍများတွင် ကျရာနေရာက ပေးအပ်သည့်တာဝန်များကို စွမ်းအားရှိသမျှ ကြိုးစားပါဝင်ဆောင်ရွက်ရင်း အမိမြန်မာနိုင်ငံအပေါ် ကျေးဇူးသစ္စာ စောင့်သိကာ ဗလငါးတန်နှင့် ပြည့်စုံသည့် ကိုယ်ကျင့်တရားများအပေါ် လေးစားကျင့်ကြံ နေထိုင်တတ်သော၊ အနာဂတ်မြန်မာနိုင်ငံအတွက် စံပြုလေးစားထိုက်သော ကောလိပ်၊ သိပ္ပံများ ဂုဏ်ဆောင်သော အင်ဂျင်နီယာနည်းပညာရှင်များဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံအသီးသီး၏ A.G.T.I ဒီပလိုမာအပ်နှင်းသည့် အခမ်းအနားများကို ဆက်လက်ကျင်းပရာ A.G.T.I ဒီပလိုမာရရှိသူစုစုပေါင်း ၁၅၂၆ ဦးကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများက ဒီပလိုမာလက်မှတ်များ ချီးမြှင့်အပ်နှင်းကာ အမှာစကားများ ပြောကြားကြသည်။

အဆိုပါ A.G.T.I ဒီပလိုမာ အပ်နှင်းသည့် အခမ်းအနားများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒီပလိုမာယူမည့် မောင်မယ်များနှင့် ၎င်းတို့၏မိဘဆွေမျိုး မိတ်သင်္ဂဟများ၊ ကျောင်းစီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ပညာရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ တက်ရောက်ကြပြီး A.G.T.I ဒီပလိုမာအပ်နှင်းသည့် အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်း(၁/၂၀၂၄) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၀**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ကာယပညာနှင့် အားကစားနည်းပြ မွမ်းမံသင်တန်း (၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် လယ်ဝေးအားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားအဖွဲ့ချုပ်များမှ နည်းပြများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိ သူများ တက်ရောက်ကြသည်။

**အရေးပါသည့်အခန်းကဏ္ဍ**

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးစနစ်သစ်ဖြစ်သည့် KG+12 ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံပညာကျောင်းတိုင်း၌ အရည်အသွေးမြင့် ကာယပညာ ဆရာ၊ ဆရာမများ မွေးထုတ်ပေးနိုင်ရေးသည် အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်နေပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် လစ်လပ်နေသည့် ကာယပညာဆရာ ဆရာမများကို ဖြည့်ဆည်းပေးနိုင်ရန် ကာယပညာနှင့် အားကစားအခြေခံနည်းပြ သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်၍ ဒုတိယအလယ်တန်းပြ (ကာယ)ဆရာ ဆရာမများအဖြစ် ခန့်အပ်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်ခဲ့သည့် ကာယပညာနှင့် အားကစားနည်းပြ မွမ်းမံသင်တန်း(၁/၂၀၂၄)ကို ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်နှင့်ကြက်တောင် အစရှိသည့် အားကစားနည်း ခုနစ်နည်းအတွက် သင်တန်းသား ၃၁၅ ဦးကို ပို့ချသင်ကြားခဲ့ကြောင်း၊ နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်း တာဝန်ယူကြမည့် ကျောင်းသား ကျောင်းသူများကို ကိုယ်ရောစိတ်ပါကြံ့ခိုင်ကောင်းမွန်သည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ပေါ်လာရန် ပြုစုပျိုးထောင်ပေးသည့်နေရာတွင် အရည်အသွေးမြင့် ကာယပညာ ဆရာ ဆရာမများ၏အခန်းကဏ္ဍမှာ အဓိကကျသည်ကို မမေ့လျော့ကြရန် အထူးမှာကြားလိုပါကြောင်း။



အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ကြီးကို နှစ်စဉ်ကျင်းပပေးနေပြီဖြစ်၍ လာမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်တွင် ပါဝင်မည့်အားကစားနည်းများ၌ ကျောင်းသား ကျောင်းသူများအနေဖြင့် အားကစားနည်းအလိုက် အဆင့်အတန်းမြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ယခုသင်တန်းက သင်ယူလေ့လာခဲ့သည့် အားကစားနည်းစနစ်များကို စနစ်တကျသင်ကြားပြသနိုင်သူ နည်းပြဆရာ ဆရာမကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ သို့မှသာ အခြေခံပညာကျောင်းသားအားကစားပွဲတော်မှ ပေါ်ထွက်လာမည့် ထူးချွန်ထက်မြက်သည့် ကျောင်းသားအားကစားသမားများမှသည် နိုင်ငံတော်က အားထားရသည့် လက်ရွေးစင်အားကစားသမားများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်၌ ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဖွင့်လှစ်ခြင်းနှင့် ရှေးဦးပြုစုခြင်း(သာမန်)သင်တန်းဆင်းပွဲ ကျင်းပ

**သင်္ဃန်းကျွန်း မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူးပြီး သင်္ဃန်းကျွန်း ပညာရေးဒီဂရီကောလိပ် ကြက်ခြေနီအသင်းခွဲနှင့် သင်္ဃန်းကျွန်းမြို့နယ် ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းစီစဉ် ဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်း အမှတ်စဉ် (၈/၂၀၂၄)နှင့် ရှေးဦးပြုစုခြင်း (သာမန်)သင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်၁၀ နာရီက သင်္ဃန်းကျွန်းမြို့နယ်ရှိ သင်္ဃန်းကျွန်းပညာရေး ဒီဂရီကောလိပ် ပညာနေခြည်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးသက်ခိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် သင်္ဃန်းကျွန်း ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က ကြက်ခြေနီ အသင်းခွဲအနေဖြင့် သင်တန်းဖွင့်လှစ်ခွင့် ရရှိသည့်အတွက် ကျေးဇူးတင်စကား ပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက သာမန် သင်တန်းသားများနှင့် အခြေခံ သင်တန်းသားများမှ ထူးချွန်ဆုရရှိသူများ၊ သင်ထောက်ကူပစ္စည်း အလှူရှင်များ၊ သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းတွင် ကျောင်းသား ကျောင်းသူ ၉၁ ဦး၊ (သာမန်) သင်တန်းတွင် ၄၃ ဦး တက်ရောက်ကြပြီး သင်တန်းကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၉ ရက်အထိ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တို့တွင် ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ **လှလှနွယ်(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြည့်ရှုစစ်ဆေး

**ရေတာရှည် မတ် ၁၀**

၂၀၂၄ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ စာစစ်ဌာနများတွင် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိစေရေး၊ အောင်မြင်စွာကျင်းပဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက ရေတာရှည်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဖြေဆိုကာလအတွင်း လုံခြုံရေး၊ ကျောင်းတွင်း ပြင်ပ လုံခြုံမှုရှိစေရန်နှင့် စာမေးပွဲအား ကျောင်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျဖြေဆိုကြရန် ကျောင်းတာဝန်ခံများနှင့်တွေ့ဆုံ၍ လိုအပ်သည်များလမ်းညွှန်မှာကြားပြီး စာမေးပွဲဖြေချိန်အတွင်း ကြီးကြပ်မည့် ကြီးကြပ်ရေးမှူးများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယခုနှစ်တွင် ရေတာရှည်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို ၆၉၇ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ရာ အခြေခံပညာအထက်တန်းကျောင်းများဖြစ်သည့် ရေတာရှည်၊ ရွှေကြက်ယက်၊ ဆွာ၊ သာဂရ၊ မြို့လှနှင့် ရေနီ စာစစ်ဌာန ခြောက်ခုဖြင့် စီစဉ်ကျင်းပဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် နဂါးနှစ်ကောင်ဆရာတော် အန္တိမအဂ္ဂိစျာပန လောင်တိုက်တော်ထားရှိမည့်နေရာ ဆောင်ရွက်နေမှု ကြည့်ရှု



**တာချီလိတ် မတ် ၁၀**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မတ် ၉ ရက် မွန်းလွဲ ၂ နာရီခွဲက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ဆေးခမ်းရပ်ကွက်၌ နဂါးနှစ်ကောင်ဆရာတော် အန္တိမအဂ္ဂိစျာပန လောင်တိုက်တော်ထားရှိမည့်နေရာ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာချီလိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လောင်တိုက်တော်ထားရှိမည့်နေရာအား လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တာချီလိတ်စက်မှုရပ်ကွက်ရှိ MSME အသေးစား၊ အလတ်စား၊ အငယ်စား ထုတ်ကုန်တစ်ခုဖြစ်သော BM သွပ်ပြားစက်ရုံအား သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုးကောင်းကင်အစာစပ်စက်ရုံသို့ သွားရောက်ရာ စက်ရုံတာဝန်ခံက အစာစပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက စက်ရုံအတွင်းလှည့်လည်ကြည့်ရှုကြပြီး တာချီလိတ်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် တာချီလိတ်မြို့နယ် BRP55အနီးမယ်ဟောက်ချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းပြသရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၌ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းခြင်း ကျင်းပ

**တောင်ကြီး မတ် ၁၀**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ၏ ထပ်ဆင့်ရှင်းလင်းခြင်းကို မတ် ၉ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် ရှမ်းပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဥပဒေအရာရှိ ဦးအေးလွင်က ၂၀၂၄ ခုနှစ် မတ် ၂ ရက်တွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းဆိုင်ရာလမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းကြောင်း သိရသည်။

ဆက်လက်၍ တက်ရောက်လာသော ဥပဒေအရာရှိများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဥပဒေအရာရှိများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(ပြန်/ဆက်)**

# ကျိုင်းတုံမြို့နယ် ယန်းလုံ-ဝမ်ဖြတ်-ဟိုနားကျေးရွာ ကျေးရွာချင်းဆက်လမ်း ရာနှုန်းပြည့်ပြီးစီး

**ကျိုင်းတုံ မတ် ၁၀**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၈၁ ဒသမ ၅၀၉ သန်းဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းပန်လယ်အုပ်စု ယန်းလုံ-ဝမ်ဖြတ်-ဟိုနားကျေးရွာ ကျေးရွာချင်းဆက်လမ်း ၇/၂ မိုင်အနက် ၅/၁ မိုင် ဆောင်ရွက်ပြီး ကျန်၂/၁ မိုင်အား မူလလမ်း ၁၀ ပေအကျယ်မှ ၂၆ ပေအကျယ် မြေသားလမ်းတိုးချဲ့ခြင်း၊ ဖြုန်းခင်းခြင်းနှင့် Box Culvert ခုနစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးဆောင်ရွက်မှုအား ရှမ်းပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဆွေလင်းမြင့်နှင့် တာဝန်ရှိသူများက မတ် ၈ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ဆောင်ရွက်**

ထို့အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၉၅၉ ဒသမ ၁၈၆ သန်းဖြင့် မြေသားလမ်း၊ မြေသားတိုးချဲ့ခြင်း၊ ဖြုန်းခင်းခြင်း၊ ကျောက်လမ်း၊ ကျောက်လမ်းပြင်ထိန်း၊ ကွန်ကရစ်လမ်း၊ ကွန်ကရစ်တံတား၊ ဘေလီတံတား၊ ကြိုးတံတား၊ Box Culvert များ၊ Pile Culvert များ ကျောက်စီရေမြောင်း၊ မြေထိန်းနံရံ၊ သာသနာရေးလုပ်ငန်းကို အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



# မိုင်းလားမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ရန် Feasibility Survey တိုင်းတာခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းလား မတ် ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြေပြင်အခြေအနေနှင့် ကိုက်ညီသော ခန့်မှန်းခြေစာရင်းများ ပြုစုနိုင်ရန်နှင့် လူထုအတွက် အမှန်တကယ် အကျိုးပြုသောလုပ်ငန်းများဖြစ်စေရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ရန် Feasibility Survey တိုင်းတာခြင်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက မိုင်းဝ(ထက်)ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းတိုင်းတာရာတွင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ)ဒေါ်သီရိအောင်နှင့် တာဝန်ရှိသူများသည် မိုင်းဝ(ထက်)ကျေးရွာတွင် အရှည် ၁ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ရန်အတွက် မြေပြင်အခြေအနေများနှင့် Feasibility Survey (FS) တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (နည်းပညာ)က လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။



မိုင်းဝ(ထက်)ကျေးရွာရှိ အဆိုပါ ကျေးလက် ကုန်ထုတ်လမ်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၃ သန်းဖြင့် လျာထားအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်/ထွက်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်အတွင်းသို့ လျင်မြန်စွာရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

# တန့်ယန်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

**တန့်ယန်း မတ် ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိရာ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ယမန်နေ့က နားငွေးကျေးရွာ၌ ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းမှ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက နားငွေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း ၂၂ ဦးအတွက် ငွေကျပ်သန်း ၃၁ ဒသမ ၇၀ အား ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**

# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး နည်းလမ်းကောင်းများ

ပေါက်ပေါက်



ယနေ့ကာလတွင် ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်မှ အနက်ရှိုင်းဆုံး သမုဒ္ဒရာများအထိ ရှိနေကြသည်။ ပလတ်စတစ်အမှုန်များသည် ပင်လယ်သမုဒ္ဒရာအစိတ်အပိုင်းအားလုံးသို့ စိမ့်ဝင်နေပြီဖြစ်ရာ အသေးငယ်ဆုံး ရေသတ္တဝါများမှသည် ဝေလငါးများအထိ ရေသတ္တဝါအားလုံးတွင် တွေ့ရသည်။ စစ်တမ်းများအရ သမုဒ္ဒရာများထဲတွင် မိုက်ခရိုပလတ်စတစ်အပိုင်းအစ ၅ ဒသမ ၂၅ ထရီလီယံရှိပြီး သမုဒ္ဒရာ၏ စတုရန်းမိုင်တိုင်းတွင် တန်ချိန် ၂၆၉၀၀ အထိရှိသော အပိုင်းအစ ၄၆၀၀၀ ခန့် ရှိနေသည်။ ပလတ်စတစ်အပိုင်းအစ ရှစ်သန်းခန့်သည် သမုဒ္ဒရာများအတွင်းသို့ နေ့စဉ်ရောက်ရှိနေသည်။ ပင်လယ်သမုဒ္ဒရာ ဇီဝမျိုးစုံမျိုးကွဲနှင့် ရေပြင်ရှိ ဂေဟစနစ်များတွင်ဖြစ်ပေါ်နေသော ပလတ်စတစ်ညစ်ညမ်းမှု၏ ၆၀ ရာခိုင်နှုန်းသည် တစ်ခါသုံးပလတ်စတစ်များကြောင့် ဖြစ်သည်။

ရေတစ်လီတာခန့်ပါဝင်သော ပလတ်စတစ်ဘူး တစ်ဘူးတွင် အလွန်သေးငယ်သည့် နာနိုပလတ်စတစ် အပိုင်းအစပေါင်း ၂၄၀၀၀၀ ကျော် ပါဝင်နေသည်ကို ပထမဆုံးအကြိမ် တွေ့ရှိခဲ့ကြောင်း ကိုလံဘီယာတက္ကသိုလ်မှ သုတေသီများက ယခု ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် သတိပေးထားသည်။ ယင်းလေ့လာမှုတွင် ပလတ်စတစ်အမှုန်ပေါင်း ၁၁၀၀၀၀ မှ ၃၇၀၀၀၀ ခန့်ပါဝင်သည့် ရေတစ်လီတာတွင် ၉၀ ရာခိုင်နှုန်းခန့်သည် နာနိုပလတ်စတစ်များဖြစ်ကြောင်း၊ နာနိုပလတ်စတစ်များသည် အစာခြေစနစ်၊ အသက်ရှူစနစ်များသို့ ဝင်ရောက်နိုင်ကာ သွေးကြောထဲအထိ ရောက်ရှိနိုင်ကြောင်း၊ ထို့ပြင် အရေးကြီးအင်္ဂါများသို့ပါ စုပြုံရောက်ရှိနိုင်ပြီး မမွေးရသေးသည့် သန္ဓေသားထံသို့ပါ ကူးစက်လာနိုင်ကြောင်းသိရသည်။

၂၀၂၂ ခုနှစ် မတ်လ ၂၄ ရက်နေ့ကလည်း နယ်သာလန်နိုင်ငံ ပရိဂျပ်အမ်စတာဒမ် တက္ကသိုလ်မှ သုတေသီအဖွဲ့တစ်ဖွဲ့သည် လူ ၂၂ ဦးကို စစ်ဆေးခဲ့ရာ လူ ၁၇ ဦး၏သွေးများ၌သတိပြုမိလောက်သည့် ပလတ်စတစ်အမှုန်ပမာဏတစ်ခု ပါဝင်နေသည်ကို တွေ့ရသည်။ ယင်းအမှုန်များသည် ခန္ဓာကိုယ်အနှံ့ သွားလာနိုင်ပြီး ကိုယ်အင်္ဂါများတွင် ခိုအောင်းကာ ရောင်ရမ်းမှုကို ဖြစ်စေနိုင်ကြောင်း၊ ထို့ပြင် ၎င်းအမှုန်အမွှားများသည် အသက်ရှူလမ်းကြောင်း၊ သောက်ရေနှင့် အစားအသောက်များမှတစ်ဆင့် ဝင်ရောက်နိုင်ကြောင်း သိရသည်။

ပလတ်စတစ်ညစ်ညမ်းမှု မရှိစေရေး လုပ်ဆောင်နေသည့် နယ်သာလန်အမျိုးသား ကျန်းမာရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနက အဆိုပါသုတေသနကို လုပ်ဆောင်ခြင်းဖြစ်ပြီး တွေ့ရှိသော မိုက်ခရိုပလတ်စတစ်များသည် အရွယ်အစားအားဖြင့် ၇၀၀ နာနိုမီတာရှိကြောင်း၊ ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်တန်ချိန်ပေါင်း သန်း ၃၀၀ ကျော် ထွက်ရှိနေပြီး ၎င်းတို့အနက် ၁၄ သန်းခန့်မှာ ပင်လယ်သမုဒ္ဒရာတွင်သာ အဆုံးသတ်သွားသည့်အတွက် ရေနေသတ္တဝါများအနေဖြင့် ထိုပလတ်စတစ်များကို စားသုံးမိကာ ထိုမှတစ်ဆင့် အစာကွင်းဆက်အနေဖြင့် လူသားများထံ ရောက်ရှိလာနိုင်ခြင်းဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ထားသည်။

## ပလတ်စတစ်သုံးစွဲမှု လျှော့ချနည်း

ဖော်ပြပါ ပလတ်စတစ်ဆိုးကျိုး အမျိုးမျိုးတို့ကြောင့် ပလတ်စတစ်အသုံးပြုမှုကို လျှော့ချဖြတ်တောက်ရပါမည်။ R1, R2, R3, R4 နည်းစနစ်များကိုကျင့်သုံးပြီး ပလတ်စတစ်အသုံးပြုမှု လျှော့ချရပါမည်။

- R1 – Refuse ဆိုသည်မှာ ဈေးဝယ်သောအခါ ကြွပ်ကြွပ်အိတ်အသစ်ပေးလျှင် မယူပါနဲ့၊ ငြင်းပယ်ပါ။
- R2 – Reduce ဆိုသော အဓိပ္ပာယ်မှာ မဖြစ်မနေသုံးစွဲရမည်ဆိုပါက စက္ကူအိတ်ကဲ့သို့ အလွယ်တကူ ဆွေးမြည့်နိုင်သည့် ထုပ်ပိုးပစ္စည်း သို့မဟုတ် ပြန်လည်လျှော်ဖွပ်၍ရသော ဈေးဝယ်အိတ်ကိုသုံးပါ။
- R3 – Reuse ဆိုသည်မှာ မိမိအိမ်တွင် ရှိနေသည့် ကြွပ်ကြွပ်အိတ်အဟောင်းကို မပေါက်မပြဲမချင်း ရေဆေးပြီး ပြန်လည်သုံးစွဲခြင်း ဖြစ်သည်။
- R4 – Recycle ဆိုသော အဓိပ္ပာယ်မှာ တစ်နည်းတစ်ဖုံ ပြန်လည်အသုံးပြုရန် ဖြစ်ပါသည်။ ဥပမာ အိတ်ခွံအပေါက်အပြဲ ရောင်စုံတို့ကို ဖြန့်၍ ဖျာကဲ့သို့ရက်၍ သော်လည်းကောင်း၊ ခန်းဆီးလိုက်ကာကဲ့သို့ သော်လည်းကောင်း တစ်နည်းနည်းအသုံးချခြင်း ဖြစ်သည်။
- အဓိကအချက်မှာ ပလတ်စတစ်ပစ္စည်း သုံးစွဲမှုကို မိမိကိုယ်ပိုင် အသိစိတ်ဓာတ်ဖြင့် လျှော့ချဖြတ်တောက်ရန် ဖြစ်ပါသည်။

## ပလတ်စတစ်အသုံးပြုမှု လျှော့ချနည်းဆိုင်ရာ နည်းဗျူဟာများ

ကမ္ဘာ့နိုင်ငံအချို့တွင် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးအတွက် လက်တွေ့ကျင့်သုံးနေသောနည်းဗျူဟာများသည် အလွန်ကောင်းမွန်သည့်စနစ်ဖြစ်သဖြင့် မိမိတို့လည်း စံနမူနာယူနိုင်ရန် သုတတစ်ရပ်အနေဖြင့် အောက်ပါတို့ကို ရေးသားဖော်ပြလိုပါသည်။

မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံတစ်ခု ဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၀၂ ခုနှစ် (လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်) ကာလကပင် ပလတ်စတစ်အိတ်များကို ပိတ်ပင်ခဲ့သည့် ပထမဆုံးနိုင်ငံဖြစ်ပြီး အိန္ဒိယနိုင်ငံတွင်လည်း ပလတ်စတစ်ပစ္စည်းသုံးစွဲမှုကို တားမြစ်နေပြီ ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် ပလတ်စတစ်တိုက်ဖျက်ရေးဥပဒေသစ်ကို ယမန်နှစ် ဧပြီလအတွင်းက အသက်ဝင်ခဲ့ပြီဖြစ်ရာ စီးပွားရေးလုပ်ငန်းများအနေဖြင့် တစ်ခါသုံးပလတ်စတစ်အသုံးပြုမှုကို ဖြတ်တောက်လျက်ရှိသည်။ နီပွန်စက္ကူကုမ္ပဏီသည် စာသင်ကျောင်းများတွင် နေ့လယ်စာကျွေးချိန်၌ ကလေးငယ်များအတွက် ဖွင့်ဖောက်ရလွယ်ကူပြီး ပိုက်သုံးစရာမလိုဘဲ သောက်သုံးလို့ရသည့် နွားနို့ထည့်သည့် ကတ်ထူဘူးများ ပြုလုပ်ထားသည်။ ထို့ပြင် ဂျပန်နိုင်ငံရှိ Daio စက္ကူလုပ်ငန်းကလည်း ရေစိုနှင့် ဆီပေခံနိုင်သည့် စက္ကူအဝတ်လှန်း ချိတ်နှင့် ဇွန်းများ ထုတ်လုပ်ရောင်းချနေသည်။ ဂျပန်ဓာတုဗေဒ ကုမ္ပဏီကြီးတစ်ခုသည် ၎င်း၏ လောင်စာဓာတုဗေဒပစ္စည်းများ ထုတ်လုပ်ရန်အတွက် ရေနံစိမ်းအခြေခံပစ္စည်းအစား စွန့်ပစ်ပလတ်စတစ်ကို ကုန်ကြမ်းအဖြစ်အသုံးပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အင်္ဂလန်တွင် ပန်းကန်၊ ခွက်ယောက်များအပါအဝင် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ အသုံးပြုခြင်းကို ပိတ်ပင်တားမြစ်သည့် “ပလတ်စတစ်စစ်ပွဲ”ဟု အမည်ရသော အစီအစဉ်တစ်ရပ်ကို ဗြိတိန်အစိုးရက ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ကြေညာခဲ့ပြီးဖြစ်သည်။ ယင်းအစီအစဉ်သည် သမုဒ္ဒရာအတွင်းရှိ အမှိုက်သရိုက်များနှင့် ပလတ်စတစ်ပမာဏကိုလျှော့ချရန် အထောက်အကူဖြစ်လိမ့်မည်ဖြစ်ကြောင်း ဗြိတိန်အစိုးရအဖွဲ့ဝန်ကြီးများက ဆိုပါသည်။ စကော့တလန်၊ ဝေးလ်နှင့် မြောက်အိုင်ယာလန်တို့သည် တစ်ခါသုံးပလတ်စတစ်များ အသုံးပြုမှုကို တားမြစ်သည့်အစီအစဉ်ရှိနှင့်ပြီးဖြစ်သည်။ အီးယူကလည်း အလားတူအစီအစဉ်ကို ယမန်နှစ် ဇူလိုင်လမှစတင်ကာ အင်္ဂလန်၌လည်း တားမြစ်ပိတ်ပင်ရန် ဖိအားပေးခဲ့ကြောင်း လေ့လာသိရှိရသည်။ ကင်ညာနိုင်ငံတွင်လည်း တစ်လလျှင် ခန့်မှန်းခြေ ပလတ်စတစ်အိတ် ၂၄ သန်း သုံးစွဲလျက်ရှိရာ ကင်ညာနိုင်ငံအစိုးရက ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှစတင်၍ ပလတ်စတစ်အိတ်သုံးစွဲမှုကို တားမြစ်လိုက်ပြီး ၎င်းတို့ကို ရောင်းဝယ်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် သယ်ဆောင်လာခြင်းတွေ့ရှိပါက ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၃၈၀၀၀ သို့မဟုတ် ထောင်ဒဏ် လေးနှစ်အထိ ကျခံရမည်ဖြစ်ကြောင်းနှင့် ထိုသို့ပလတ်စတစ်သုံးစွဲမှု တားမြစ်လိုက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း အစိုးရက ထုတ်ပြန်ထားသည်။

‘ရေတစ်လီတာခန့်ပါဝင်သော ပလတ်စတစ်ဘူးတစ်ဘူးတွင် အလွန်သေးငယ်သည့် နာနိုပလတ်စတစ် အပိုင်းအစပေါင်း ၂၄၀၀၀၀ ကျော် ပါဝင်နေသည်ကို ပထမဆုံး အကြိမ် တွေ့ရှိခဲ့ကြောင်း ကိုလံဘီယာတက္ကသိုလ်မှ သုတေသီများက ယခု ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် သတိပေးထားသည်။ ယင်းလေ့လာမှုတွင် ပလတ်စတစ်အမှုန်ပေါင်း ၁၁၀၀၀၀ မှ ၃၇၀၀၀၀ ခန့်ပါဝင်သည့် ရေတစ်လီတာတွင် ၉၀ ရာခိုင်နှုန်းခန့်သည် နာနိုပလတ်စတစ်များဖြစ်ကြောင်း၊ နာနိုပလတ်စတစ်များသည် အစာခြေစနစ်၊ အသက်ရှူစနစ်များသို့ ဝင်ရောက်နိုင်ကာ သွေးကြောထဲအထိ ရောက်ရှိနိုင်ကြောင်း၊ ထို့ပြင် အရေးကြီးအင်္ဂါများသို့ပါ စုပြုံရောက်ရှိနိုင်ပြီး မမွေးရသေးသည့် သန္ဓေသားထံသို့ပါ ကူးစက်လာနိုင်ကြောင်းသိရ’

နယူးဇီလန်နိုင်ငံသည် စူပါမားကတ်များတွင် ပလတ်စတစ်အိတ်အသုံးပြုမှုကို ပိတ်ပင်တားမြစ်သည့် ကမ္ဘာ့ပထမဆုံးနိုင်ငံဖြစ်လာပြီး ဟင်းသီးဟင်းရွက်ထုပ်ပိုးလေ့ရှိသည့် ပါးလွှာသော ပလတ်စတစ်အိတ်များ သုံးစွဲမှုကိုပါ ပိတ်ပင်ထားသည်။ အဆိုပါ ကန့်သတ်ချက်ကို ဇူလိုင်လ ၅ ရက်နေ့က လုပ်ဆောင်နေပြီဖြစ်ကာ တစ်ခါသုံးပလတ်စတစ် အသုံးပြုမှုကို ဆန့်ကျင်သည့် အစိုးရလှုပ်ရှားမှုတစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်နေခြင်းဖြစ်သည်။ နယူးဇီလန်တွင် ၂၀၁၉ ခုနှစ်ကတည်းက စတိုးဆိုင်အများစု၌ ပလတ်စတစ်အိတ် အသုံးပြုမှုကို ပိတ်ပင်ပြီးနောက် ဈေးဝယ်သူအများစုသည် ပစ္စည်းထည့်ရန် ယင်းတို့၏ ကိုယ်ပိုင်အိတ်များကို ယူဆောင်လာရသည်။ ထိုနိုင်ငံတွင် အမှိုက်ပမာဏအလွန်များပြီး ပလတ်စတစ်အမှိုက်များစွာထွက်ကြောင်း၊ ပလတ်စတစ်အိတ်များကို တားမြစ်သည့် ဥပဒေသည် ၂၀၁၉ ခုနှစ်က စတင်အသက်ဝင်ပြီးနောက် ပလတ်စတစ်အိတ်ပေါင်း တစ်ဘီလီယံကျော်ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီးဖြစ်သူ Rachel Brooking က ဆိုသည်။ ယခုလှုပ်ရှားမှုအသစ်သည် တစ်နှစ်လျှင် ပလတ်စတစ်အိတ် သန်း ၁၅၀ အသုံးပြုမှုကို တားဆီးနိုင်လိမ့်မည်ဟု အာဏာပိုင်များက မျှော်လင့်ထားသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် နှစ်စဉ် ပလတ်စတစ်အမှိုက်တန်ချိန် သန်းချီထွက်ပေါ်နေခြင်းကြောင့် တစ်ခါသုံးပလတ်စတစ်များသုံးစွဲမှု ထိန်းညှိသွားရန် ဥပဒေသစ်တစ်ရပ်ကို မကြာမီအတွင်း ချီလီအစိုးရက ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း၊ (က) စားသောက်ကုန်လုပ်ငန်းများတွင် တစ်ခါသုံး ဇွန်း၊ ခက်ရင်း၊ ခွက်၊ ပန်းကန်များ သုံးစွဲမှုကို အဓိကထိန်းချုပ်သွားမည်ဖြစ်သကဲ့သို့ ဈေးဝယ်စင်တာများတွင်လည်း ပစ္စည်းများကို တစ်ခါသုံးပလတ်စတစ်များဖြင့် ထုပ်ပိုးခြင်းကို ထိန်းချုပ်သွားမည်ဖြစ်ကြောင်း၊ (ခ) ဤဥပဒေသစ်သည် ချီလီနိုင်ငံအတွက် တစ်နှစ်လျှင် ပလတ်စတစ်အမှိုက်ထွက်ရှိမှု စုစုပေါင်းပမာဏမှ တန်ချိန်ပေါင်း ၂၃၀၀၀ ကျော်အထိ လျှော့ချသွားနိုင်မည်ဖြစ်ရာ မိမိတို့နိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက်ကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ (ဂ) တစ်ခါသုံး ပလတ်စတစ်ထုတ်လုပ်သည့် စက်ရုံများကိုလည်း ထုတ်လုပ်မှုပမာဏလျှော့ချသွားရန် ဖိအားပေးမည်ဖြစ်ကြောင်း၊ (ဃ) အဆိုပါ တစ်ခါသုံး ပလတ်စတစ်အမှိုက်များကြောင့် ရေအောက်သတ္တဝါများ၊ ငှက်မျိုးစိတ်များ သေကျေပျက်စီးနေကြပြီး မြေဆီလွှာပျက်စီးမှုနှုန်း မြင့်မားလာ

စာမျက်နှာ ၁၁ သို့ ✶

# ၂၀၂၄ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2024) လျှောက်ထားနိုင်ကြောင်း ကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့်နယ်ပယ်များတွင် အာဆီယံအသိုက်အဝန်းထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၄ ခုနှစ် အာဆီယံဆု (ASEAN Prize 2024)ကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ခ) အာဆီယံနှင့်ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများမြှင့်တင်ရေး ဆောင်ရွက်မှုများ၊

(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိအာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ် ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့်အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/nomination-form/ တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) amns.mofa@gmail.com သို့ ၂၀-၄-၂၀၂၄ **ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများအနေဖြင့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံ၍ အဆင့်မြင့်ရောဂါရှာဖွေစမ်းသပ်စစ်ဆေးမှုများနှင့် ကုသမှုများကို မိမိတို့ဒေသ၌ ခံယူနိုင်ခြင်းဖြင့် ရောဂါများကို စောစီးစွာ သိရှိပြီး လိုအပ်သောကုသမှု များကို အချိန်မီရရှိကာ ကျန်းမာစွာ အသက်ရှည်နေထိုင်နိုင်ရန်အတွက်လည်းကောင်း၊ ဆေးကုသမှုအတွက် ကုန်ကျစရိတ်သက်သာခြင်းကြောင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေရန်အတွက် လည်းကောင်း၊ ရန်ကုန်/ မန္တလေး/ နေပြည်တော်တို့မှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများပါဝင်သော အထူးကုဆေးကုသရေးအဖွဲ့များ၏ ကွင်းဆင်းကုသမှုအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် မတ် ၈ ရက်မှ ၁၀ ရက်အထိ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး၊ အင်းစိန်ပြည်သူ့ဆေးရုံကြီးနှင့် ဆေးတက္ကသိုလ်(၂)ရန်ကုန်တို့မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ သွားရောက်ကာ ပြည်သူ့ဆေးရုံကြီး ထားဝယ်မြို့မှ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများဆောင်ရွက်ပေးခဲ့သည်။



အဆိုပါအထူးကုဆေးကုသရေးအစီအစဉ်တွင် နှလုံးရောဂါဆိုင်ရာလူနာ ၁၉၄ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလူနာ ၂၅၄ ဦး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာလူနာ ၁၉၅ ဦး၊ ဆီးချိုနှင့်ဟော်မုန်းဆိုင်ရာလူနာ ၁၃၆ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာ လူနာ ၂၃၅ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ ၁၃၇ ဦး၊ အထွေထွေရောဂါဆေးပညာလူနာ ၂၇၉ ဦး၊ ကင်ဆာရောဂါဆိုင်ရာလူနာ ၂၉ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာလူနာ ၈၀၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာ လူနာ ၄၃၁ ဦး၊ မျက်စိရောဂါဆိုင်ရာလူနာ ကိုးဦး၊ ကလေးရောဂါလူနာ ၁၇ ဦး စုစုပေါင်း လူနာ ၂၇၂၄ ဦးတို့ကို ကြည့်ရှုကုသမှုပေးနိုင်ခဲ့ပြီး ထားဝယ်ခရိုင်အတွင်းနှင့် အနီးတစ်ဝိုက်ရှိ မြို့နယ် ငါးမြို့နယ်မှ ပြည်သူများ လာရောက်ပြသကြသည်။

**စမ်းသပ်စစ်ဆေးပေး**

အဆိုပါလူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့်ကြည့်ရှုခြင်း (Echocardiography) ၃၃ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုခြင်း(OGDS) ၁၆ ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း (Colonoscope) လေးဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း မှန်ပြောင်းကြည့်ရှုခြင်း ၁၀ ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (CT scan) ၂၃ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၄၂၁ ဦး၊ ဓာတ်ခွဲစမ်းသပ်ခြင်း ၅၈၂ ဦး၊ သွေးချိုဓာတ်(HbA1C) တိုင်းတာခြင်း ၉၀၊ Ultrasound ရိုက်ကူးခြင်း ၂၆၂ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း(ECG) ၆၈၄ ဦးတို့ကို စမ်းသပ်စစ်ဆေးပေးခဲ့ပြီး ကင်ဆာရောဂါဆိုင်ရာလူနာ တစ်ဦး၊ နှလုံးရောဂါဆိုင်ရာလူနာ ငါးဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါဆိုင်ရာလူနာ ကိုးဦး၊ ဆီးနှင့်ကျောက်ကပ်ရောဂါဆိုင်ရာလူနာ သုံးဦးတို့ကို လိုအပ်သောစစ်ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် ရန်ကုန်ရှိ သက်ဆိုင်ရာ ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှု ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြပြီး အထူးကုဆေးကုသရေးအစီအစဉ်သို့ လာရောက်ပြသကုသမှုခံယူကြသူများကို တွေ့ဆုံနှုတ်ဆက်ကာ အာဟာရဒါနစားသောက်ဖွယ်ရာများနှင့် အထူးကုဆေးကုသရေးအစီအစဉ်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ရန်ကုန်/မန္တလေး/နေပြည်တော်မှ အထူးကုသမှု (Super Specialty) ပါမောက္ခ/ အထူးကု ဆရာဝန်ကြီးများ၏ အထူးကုဆေးကုသရေးအစီအစဉ်များကို ၂၀၂၄ ခုနှစ်အတွင်း အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တို့တွင် ဆောင်ရွက်လျက်ရှိပြီး ထားဝယ်မြို့ အပါအဝင် ၁၁ ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပျဉ်းမနား မတ် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် သာယာစုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျေးရွာ၌ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်းကို ပထမအကြိမ်မြောက် အသင်းသား အသင်းသူ ၉၄ ဦးအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

** JJJ**

✶ စာမျက်နှာ ၁၀ မှ

ကြောင်းကိုလည်း အများပြည်သူသိရှိအောင် ရှင်းလင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ (င) ချီလီနိုင်ငံဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အချို့သောကဏ္ဍများတွင် ပလတ်စတစ်သုံးစွဲမှုကို ဥပဒေပြဋ္ဌာန်းပြီးသည်နှင့် ချက်ချင်းအကျုံးဝင်စေမည်ဖြစ်ပြီး ပလတ်စတစ်သုံးစွဲမှုကို ရာနှုန်းပြည့်တားမြစ်သွားမည်ဖြစ်ကြောင်း၊ (စ) သို့သော် စားသောက်ဆိုင်များတွင် ပလတ်စတစ်သုံးစွဲမှုကို ရာနှုန်းပြည့်တားမြစ်သွားရန် အခက်အခဲများ ရှိနေသည့်အတွက် အကန့်အသတ်ဖြင့် သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အချုပ်ဆိုသော် ကမ္ဘာကြီးတွင် ပလတ်စတစ်ထုတ်ကုန်အမျိုးမျိုးကို ထုတ်လုပ်လာနိုင်သည်နှင့်အမျှ လူအများစု၏ နေ့စဉ်ဘဝတွင် ပလတ်စတစ်စွဲလမ်းမှု ပြဿနာများကိုပင် ကြုံတွေ့နေကြရသည်။ အကျိုးဆက်အနေဖြင့် ယခုအခါ အလွန်သေးငယ်သော ပလတ်စတစ်အမှုန်အမွှားများသည် လူသားများ၏ ခန္ဓာကိုယ်အတွင်း စတင်တွေ့ရှိနေရပြီဖြစ်သည်။ ပလတ်စတစ်သည် လူသားတို့ နေ့စဉ်ဘဝတွင် မရှိမဖြစ် အသုံးပြုနေရသည့်ပစ္စည်းဖြစ်သော်လည်း ပလတ်စတစ်ညစ်ညမ်းမှုသည် လူနှင့်တိရစ္ဆာန်ကိုသာမက ဂေဟစနစ်တစ်ခုလုံးပါမကျန် ဘေးဥပဒ်ပေးနိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ် ဖြစ်လာသည်။

ပလတ်စတစ်၏ အဓိကပြဿနာမှာ ၎င်းသည် စက္ကူ၊ သစ်ရွက်မှိုက်၊ သစ်၊ ဝါး စသည့် အော်ဂဲနစ်ပစ္စည်းများကဲ့သို့ ဆွေးမြည့်ကွယ်ပျောက်သွားခြင်းမရှိဘဲ နှစ်ပေါင်းများစွာ တည်မြဲနေသည်။ ထိုမျှသာမက ပလတ်စတစ်သည် မြေကြီးအတွင်းဖြစ်စေ၊ ရေထုအတွင်းဖြစ်စေ အခြားသောဓာတ်များနှင့် ဓာတုတုံ့ပြန်မှုများဖြစ်ကာ ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ဒြပ်ပေါင်းများ ထွက်ရှိလာသဖြင့် ဂေဟစနစ်ကိုလည်း ပျက်စီးစေပါသည်။ သို့ပါ၍ မိမိအပါအဝင် တစ်မိသားစုလုံးမှသည် လူထုအားလုံး နေ့စဉ်ဘဝတွင် ပလတ်စတစ်သုံးစွဲမှုကို အတတ်နိုင်ဆုံး လျှော့ချသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား သွားရောက်ဂုဏ်ပြု




**ပဲခူး မတ် ၁၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မတ် ၁၀ ရက် နံနက်ပိုင်းက ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား သွားရောက်ဂုဏ်ပြုထောက်ပံ့ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့နယ် တပ်မတော်စစ်ပစ်ကွင်း၌ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များ လက်နက်ငယ်ပစ်ခတ်ခြင်း သင်ခန်းစာသင်ယူနေမှုကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အကွာအဝေး မီတာ(၁၀၀) လက်နက်ငယ်ပစ်ခတ်ခြင်း သင်ခန်းစာ၌ အမှတ်ပေးစနစ်ဖြင့် ပူးတွဲပထမဆုရရှိသူနှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီ၊ ဒုတိယဆုရရှိသူအတွက် ငွေကျပ် တစ်သိန်း၊ ပူးတွဲတတိယဆုရရှိသူ နှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ခုနစ်သောင်းစီ ထောက်ပံ့ငွေများ ဂုဏ်ပြုပေးအပ်ပြီး သင်တန်းနည်းပြ တပ်မတော်သားများအတွက် သီးခြားထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၁၀**

စစ်ကိုင်းတိုင်း ဒေသကြီး ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါး ကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၌ မြန်မာဘော်လီဘော လူမှုရေးအသင်း အမှုဆောင် ဖွဲ့စည်း

**ပြည် မတ် ၁၀**

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၌မြန်မာဘော်လီဘောလူမှုရေးအသင်း အမှုဆောင်ဖွဲ့စည်းခြင်းနှင့် U18 နှင့် U25 (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲများ ကျင်းပနိုင်ရေး ကြိုတင်တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ပြည်မြို့မင်္ဂလာရွှေပြည်ခရိုင်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာဘော်လီဘောလူမှုရေးအသင်းဥက္ကဋ္ဌ ဦးရဲနိုင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)ရှိ မြို့နယ်များမှ မြန်မာဘော်လီဘောလူမှုရေးအသင်းအမှုဆောင်ကိုးဦးအား ရွေးချယ်ဖွဲ့စည်း၍ ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၏ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်စုစုပေါင်း ကိုးဦးအမည်စာရင်းကို ကြေညာပေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)မြန်မာဘော်လီဘောအသင်းအမှုဆောင်အဖွဲ့မှ မြို့နယ်များအလိုက် U18 နှင့် U25 (အမျိုးသား/ အမျိုးသမီး) ဘော်လီဘောအသင်းဖွဲ့စည်းမည့် အခြေအနေများနှင့် ပြိုင်ပွဲဝင်မည့်အခြေအနေများကို တင်ပြကြရာ မြန်မာဘော်လီဘောလူမှုရေးအသင်းဥက္ကဋ္ဌ ဦးရဲနိုင်က ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၌ ယခုလာမည့် ဧပြီလနောက်ဆုံးပတ်တွင် U18 နှင့်U25 (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲများ ကျင်းပနိုင်ရေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်းပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများ၏ သွားလာနေထိုင်စားသောက်ရေးအပါအဝင် အားကစားပစ္စည်းများနှင့်ဝတ်စုံများ ထောက်ပံ့မှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)တွင် ဘော်လီဘောအားကစားကဏ္ဍမြင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ဧပြီ ၂၅ ရက်မှ ၃၀ ရက်အထိ U18 နှင့်U25 (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများကို ပြည်ခရိုင် ရွှေတောင်မြို့၌ ကျင်းပနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# ဟုမ္မလင်းတပ်နယ်နှင့် ကလေးတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေ



**နေပြည်တော် မတ် ၁၀**

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များ အလိုက် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် တိုင်းစစ်ဌာနချုပ် အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် တပ်နယ်များအလိုက် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျ သွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ သွားရောက် ဂုဏ်ပြုဖျော်ဖြေလျက်ရှိရာ မတ် ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်း တပ်နယ်၌လည်းကောင်း၊ ယနေ့တွင် ကလေးတပ်နယ်၌ လည်းကောင်း သက်ဆိုင်ရာ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင် ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက ဟုမ္မလင်းမြို့နှင့် ကလေးမြို့တို့ရှိ သက်ဆိုင်ရာ နယ်မြေခံတပ်ရင်းခန်းမအသီးသီး၌ စစ်ချီတေး၊ စစ်သည်တေး သီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြသည်။ ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ အဖွဲ့သားများကို နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ပင်လယ်ရေကြောင်းစင်္ကြံမှတစ်ဆင့် ဂါဇာကမ်းမြောင်သို့ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ရန် ဆောင်ရွက်

ဝါရှင်တန် မတ် ၁၀

အမေရိကန်၊ ဥရောပသမဂ္ဂနှင့် အခြားနိုင်ငံများသည် ပင်လယ်ရေကြောင်းစင်္ကြံမှတစ်ဆင့် ဂါဇာကမ်းမြောင်သို့ ရိက္ခာနှင့် အခြားကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ရှိ ဒေသခံများသည် ငတ်မွတ်ခေါင်းပါးမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသည်ဟု အကူအညီပေးရေးဆိုင်ရာ တာဝန်ရှိသူများက သတိပေးပြောကြားပြီးနောက် အဆိုပါဆောင်ရွက်ချက်ကို အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်သည်။




အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်သို့ဝင်ရောက်သည့် ကုန်းလမ်းကြောင်းအားလုံးကို ပိတ်ဆို့ထားသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဝေဟင်မှ ချပေးမှုများ ပြုလုပ်ပြီးဖြစ်သော်လည်း မြေပြင်တွင် အစားအစာနှင့် ဆေးဝါးများ ချို့တဲ့မှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

အဆိုပါ အကူအညီများ ပေးပို့ရာတွင် အသုံးပြုရန်အတွက် ရေကြောင်းစင်္ကြံတစ်ခု ထူထောင်ခဲ့ကြောင်း အမေရိကန် တာဝန်ရှိသူများက ကြေညာခဲ့သည်။ ဥရောပသမဂ္ဂသည် အဆိုပါ အစီအစဉ်တွင် ပါဝင်လျက်ရှိကြောင်း သိရသည်။

ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်သည် ဆိုက်ပရပ်စ်နိုင်ငံရှိ ဆိပ်ကမ်းတစ်ခုသို့ သွားရောက်ခဲ့ပြီး ပြင်ဆင်မှုအချို့ကို ကြည့်ရှုခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပင်လယ်ရေကြောင်းစင်္ကြံမှတစ်ဆင့် ဂါဇာကမ်းမြောင်သို့ ပထမဆုံးပေးပို့မည့်အစီအစဉ်ကို မကြာမီတွင်ပြုလုပ်မည်ဖြစ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က ပြောကြားသည်။

**ပြန်လည်ပြောကြား**

အစ္စရေးတပ်ဖွဲ့ဝင်များသည် အကူအညီများ ပို့ဆောင်ပေးနေသည့် ထရပ်ကားတစ်စီးအနီးတွင် စုဝေးရောက်ရှိနေသည့် လူပေါင်း ၁၀၀ ကျော်ကို သတ်ဖြတ်ခဲ့သည်ဟု ပြီးခဲ့သည့်လနှောင်းပိုင်းတွင် စွပ်စွဲခံခဲ့ရသည်။ သို့သော် စုံစမ်းစစ်ဆေးမှုအပြီးတွင် အစ္စရေးတပ်ဖွဲ့ဝင်များက ခြိမ်းခြောက်မှုတစ်ခုအား ဖယ်ရှားရန်အတွက် သံသယရှိသူများကို ပစ်သတ်ခဲ့ခြင်းဖြစ်သည်ဟု အစ္စရေးတပ်မတော် အရာရှိများက ပြန်လည်ပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ပါလက်စတိုင်းတို့က အစ္စရေး၏ ပြန်လည်ဖြေကြားချက်ကို ပယ်ချပြီး လွတ်လပ်သော နိုင်ငံတကာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် တောင်းဆိုထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ကမ္ဘောဒီးယား၌ ယခုနှစ်ပထမနှစ်လတွင် ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၁ ဒသမ ၃၉ ဘီလီယံ ဆွဲဆောင်နိုင်ခဲ့

ဖနောင်ပင် မတ် ၁၀

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ် ပထမနှစ်လအတွင်း ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉ ဘီလီယံအထိ ဆွဲဆောင်နိုင်ခဲ့ကြောင်း အတည်ပြုခဲ့ပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅၀၀ ရာခိုင်နှုန်းခန့် သိသိသာသာ တိုးမြင့်လာခဲ့ကြောင်း ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၏အစီရင်ခံစာက မတ် ၁၀ ရက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၃၉ ရာခိုင်နှုန်း သို့မဟုတ် ဒေါ်လာ ၅၄၅ သန်းခန့်သည် ယခုနှစ် ဇန်နဝါရီမှ ဖေဖော်ဝါရီကာလအတွင်း တရုတ်နိုင်ငံမှ ဖြစ်သည်ဟု အစီရင်ခံစာက ဆိုသည်။

အဓိကစီမံကိန်းများတွင် အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်သည့်စက်ရုံ၊ အီလက်ထရွန်နစ်စက်ဘီးနှင့် ဆိုင်ကယ်တပ်ဆင်ရေးစက်ရုံ၊ သံမဏိစက်ရုံ၊ အထည်ချုပ်နှင့် အထည်အလိပ်စက်ရုံ၊ သစ်သီးပြင်ဆင်သည့်စက်ရုံနှင့် ဇိမ်ခံဟိုတယ်တို့ ပါဝင်ကြောင်း သိရသည်။




ကမ္ဘောဒီးယား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချိုက ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်၊ ကမ္ဘောဒီးယား-တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်နှင့် ကမ္ဘောဒီးယား၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်တို့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင်ရန် အဓိကအချက်များဖြစ်ကြောင်း ပြောကြားသည်။

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်နှင့် ကမ္ဘောဒီးယား-တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် နှစ်ခုစလုံးသည် ကမ္ဘောဒီးယားသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် အားထားရာ ဖြစ်ကြောင်းလည်း ၎င်းက ဆင်ဟွာသို့ ပြောကြားသည်။ အထူးသဖြင့် တရုတ်နိုင်ငံမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ကမ္ဘောဒီးယား၏ စီးပွားရေးနှင့် ကုန်သွယ်ရေးတိုးတက်မှုကို တွန်းအားပေးရန် မရှိမဖြစ် လိုအပ်ကြောင်းလည်း သိရသည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံမှုအသစ်များသည် ကမ္ဘောဒီးယားပြည်သူများအတွက် အရင်းအနှီး၊ နည်းပညာများနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဆောင်ကြဉ်းလာမည်ဖြစ်ကြောင်း ဆိုဗီချိုက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

## တူရကီယဲနိုင်ငံက ၂၀၂၄ ခုနှစ်အတွင်း ဂျာမနီခရီးသွားများ ပိုမိုလာရောက်ရန် မျှော်မှန်းထား

အန်ကာရာ မတ် ၁၀

တူရကီယဲနိုင်ငံသည် ယခုနှစ်အတွင်း ဂျာမနီနိုင်ငံမှ ခရီးသွားများ ပိုမိုလာရောက်လည်ပတ်ရန်နှင့် ၂၀၂၄ ခုနှစ်တွင် ဂျာမနီနိုင်ငံမှ ခရီးသွားဧည့်သည် ခုနစ်သန်းကျော် ဝင်ရောက်ရန် မျှော်မှန်းထားကြောင်း တူရကီယဲနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီး မီမက်နူရီ အာဆွိုင်းက မကြာသေးမီက ပြုလုပ်ခဲ့သော ခရီးသွားလုပ်ငန်း ကုန်စည်ပြပွဲတွင် ပြောကြားသည်။

၂၀၂၃ ခုနှစ်တွင် တူရကီယဲနိုင်ငံသို့ ဂျာမနီနိုင်ငံမှ ခရီးသွား ၆ ဒသမ ၂ သန်း စံချိန်တင်လာရောက်ခဲ့ပြီး ဂျာမနီနိုင်ငံမှ ခရီးသွားအရေအတွက်သည် ယခုနှစ်တွင် ပိုမိုမြင့်မားလာမည်ဟု တူရကီယဲနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီး မီမက်နူရီ အာဆွိုင်းက ပြောကြားသည်။

တူရကီယဲနိုင်ငံသည် ဂျာမနီနိုင်ငံသားများ စိတ်ဝင်စားသောခရီးသွားနေရာတစ်ခု ဖြစ်ခဲ့ပြီး ဂျာမနီနိုင်ငံခရီးသွားအဖွဲ့အစည်း၏ အဆိုအရ တူရကီယဲနိုင်ငံသည် နွေရာသီအားလပ်ရက်လည်ပတ်မှုအတွက် ကြိုတင်စာရင်းသွင်းမှုများတွင် ဂျာမနီနိုင်ငံ၏ ထိပ်တန်းဈေးကွက်ဖြစ်လာစေရန် မျှော်လင့်ထားကြောင်းလည်း သိရသည်။ တူရကီယဲနိုင်ငံသည် အားလပ်ရက်ရွေးချယ်စရာများစွာကို ဝန်ဆောင်မှုအကောင်းဆုံးပေးစွမ်းပြီး အဓိကအားဖြင့် ဂျာမနီနိုင်ငံလေဆိပ်များအားလုံးမှ အလွယ်တကူဝင်ရောက်နိုင်ကြောင်းလည်း အန်ကာရာအခြေစိုက် ခရီးသွားအေဂျင်စီတစ်ခုဖြစ်သည့် အက်ဆရာဒီမီယာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

၂၀၂၃ ခုနှစ်တွင် တူရကီယဲနိုင်ငံ၏ခရီးသွားလုပ်ငန်းဝင်ငွေသည် ၅၄ ဒသမ ၃၂ ဘီလီယံအထိရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၄၆ ဒသမ ၄၈ ဘီလီယံရှိခဲ့ကြောင်း သိရသည်။

တူရကီယဲနိုင်ငံ၏ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှုသည် ၂၀၂၃ ခုနှစ်တွင် ၄၉ ဒသမ ၂ သန်းအထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ခရီးသွား ၄၄ ဒသမ ၆ သန်းအထိ မြင့်တက်လာခဲ့ပြီး ရုရှားနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့မှ ဝင်ရောက်မှုသည် ပိုမိုတိုးမြင့်လာကြောင်း သိရသည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၁၀ ဦး သေဆုံး

ဂျေရုဆလင် မတ် ၁၀

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များက မတ် ၉ ရက်တွင် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ခဲ့သည့်အတွက် အနည်းဆုံး ၁၀ ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

ထို့ပြင် လေကြောင်းမှ ထောက်ပံ့ရေးပစ္စည်းများ လူအုပ်ပေါ်သို့ကျကာ သေဆုံးမှုများလည်းရှိကြောင်း သိရသည်။

ဂါဇာကမ်းမြောင်အလယ်ပိုင်းရှိ ဒုက္ခသည်စခန်းတစ်ခုကို မတ် ၉ ရက်တွင် အစ္စရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၁၀ ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းမီဒီယာတစ်ခုက ဖော်ပြသည်။

ဘေးလွတ်ရာ ရွှေ့ပြောင်းနေထိုင်သူများ အပါအဝင် ပြည်သူ ၁ ဒသမ ၅ သန်းနီးပါး နေထိုင်လျက်ရှိသည့် ဂါဇာတောင်ပိုင်း ရာဖာမြို့ကိုလည်း အစ္စရေးက ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ပဋိပက္ခများ ဖြစ်ပွားသည့် အောက်တိုဘာ ၇ ရက်မှစတင်ကာ ဂါဇာ၌ ၃၀၉၆၀ သေဆုံးခဲ့ကြောင်း ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

လူသားချင်းစာနာမှု အကျပ်အတည်းကို လျှော့ပါးသက်သာစေရန် ကုန်းကြောင်းနှင့် လေကြောင်းအပြင် ရေကြောင်းမှ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ရန် နိုင်ငံတကာ ညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည်။

မတ် ၉ ရက်တွင် ဂါဇာကမ်းမြောင်ဒေသ၌ ကယ်ဆယ်ရေးပစ္စည်းများ ဝေဟင်မှ ကြဲချခဲ့ရာ ကယ်ဆယ်ရေးပစ္စည်းများ လိုက်လံရှာဖွေသူများပေါ်သို့ တိုက်ရိုက်ကျရောက်ခဲ့ပြီး လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသမှ အရာရှိများ၏ ပြောကြားချက်အရ အဆိုပါဝေဟင်မှ ကယ်ဆယ်ရေးပစ္စည်းများ ကြဲချခြင်းကြောင့် မတ် ၈ ရက်တွင် ငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် ဆွီဒင်အစိုးရက ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ (UNRWA) ထံ ၎င်း၏ငွေကြေးထောက်ပံ့မှုကို ပြန်လည်စတင်ရန် ဆုံးဖြတ်ကြောင်း ကြေညာခဲ့သည်။

ဂါဇာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြင်းထန်သော အခြေအနေကြောင့် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ကြောင်း ဆွီဒင်အစိုးရက ပြောကြားသည်။ ကနေဒါအစိုးရကလည်း အလားတူကြေညာချက်ကို ကြေညာခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၇ ရက်က ဖြစ်ပွားခဲ့သည့် ဟားမတ်စ်တို့၏ တိုက်ခိုက်မှုတွင် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီမှ ဝန်ထမ်းအချို့ ပါဝင်ပတ်သက်သည်ဟု အစ္စရေး၏ စွပ်စွဲချက်များအပေါ် တုံ့ပြန်သည့်အနေဖြင့် နိုင်ငံပေါင်း ၁၆ နိုင်ငံသည် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီအတွက် ၎င်းတို့၏ ရန်ပုံငွေကို ဆိုင်းငံ့ထားခဲ့ခြင်းဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဖောက်ခွဲမှုကြောင့် ကျောက်ဆည်-မင်းစုဘူတာအကြား တံတားအမှတ် (၇၃၈) ၏ အဆန်ရထားလမ်း ပျက်စီးဆုံးရှုံးမှုအခြေအနေကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဖောက်ခွဲမှုကြောင့် ကျောက်ဆည်-မင်းစုဘူတာအကြား တံတားအမှတ် (၇၃၈) ၏ အစုန်/အဆန် ရထားလမ်းများပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

❁ ကျော်ဖုံးမှ

မြန်မာ့မီးရထားဝန်ထမ်းများကလည်း ရထားလမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပျက်စီးသွားသော ရထားလမ်းပိုင်းအား ချက်ချင်းပြုပြင်မွမ်းမံဆောင်ရွက်နိုင်ခဲ့သဖြင့် ကျောက်ဆည်-မင်းစု အဆန်လမ်းပိုင်းကို မွန်းလွဲ ၁ နာရီ ၆ မိနစ်နှင့် အစုန်လမ်းပိုင်းအား မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တို့တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် လူစီးရထားများကြန့်ကြာမှုမရှိသော်လည်း ကုန်ရထားများ ကြန့်ကြာမှုဖြစ်ပေါ်ခဲ့ကြောင်းသိရှိရပြီး ၇၅ ပေါင်သံလမ်း၊ ကွန်ကရစ်ဇလီဖားတုံးနှင့် သစ်သားဇလီဖားတုံးများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်းအကြိမ် ၁၃၀၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၉ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက်ရထားလမ်းအခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့်စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင်ရထားစက်ခေါင်း၊ တွဲများနှင့် ခရီးသည်များ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများအသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး ရထားဖြင့် ခရီးသွားလာမှု မပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့ကို ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ် ကျူးလွန်နေကြသောကြောင့် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# AA အကြမ်းဖက်သောင်းကျန်းသူများက စစ်တွေမြို့ ကသဲရပ်ကွက်အတွင်းသို့ လက်နက်ကြီးများဖြင့် လက်လွတ်စပယ်ပစ်ခတ်မှုကြောင့် အသက် ၁၂ နှစ်အရွယ် ကလေး ငယ်တစ်ဦးအပါအဝင် ဒေသခံပြည်သူ ငါးဦးသေဆုံး၊ ကလေးငယ် သုံးဦး အပါအဝင် ဒေသခံပြည်သူ ကိုးဦး ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် မတ် ၁၀**

ရခိုင်ပြည်နယ် စစ်တွေမြို့ ကသဲရပ်ကွက်အတွင်းသို့ AA အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူ ငါးဦး သေဆုံးခဲ့ပြီး ဒေသခံပြည်သူ ကိုးဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများသည် မတ် ၉ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် ပေါက်တောမြို့နယ် သဲခုံကျေးရွာ၏ အနောက်ဘက်အရပ်မှ လက်နက်ကြီးများဖြင့် လက်လွတ်စပယ်ပစ်ခတ်မှုကြောင့် စစ်တွေမြို့ ကသဲရပ်ကွက်အတွင်းသို့ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့ပြီး ရပ်ကွက်အတွင်း အေးချမ်းစွာ နေထိုင်လျက်ရှိသော အသက် ၁၂ နှစ်အရွယ်ကလေးငယ်တစ်ဦးအပါအဝင် ဒေသခံပြည်သူ ငါးဦးသေဆုံးခဲ့ကာ ကလေးငယ် သုံးဦးအပါအဝင်ဒေသခံပြည်သူ ကိုးဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် အဆိုပါ ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများနှင့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့များက စစ်တွေမြို့နယ် ပြည်သူ့ဆေးရုံကြီး(ခုတင်-၅၀၀)သို့ အရေးပေါ်ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိသည်။

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လက်နက်ကြီးများ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များသည် လုံးဝလက်ခံနိုင်ဖွယ်ရာမရှိသည့် လုပ်ရပ်ဖြစ်သဖြင့် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




AA အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် စစ်တွေမြို့ ကသဲရပ်ကွက်အတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

# ရန်ကုန်မြို့တွင် စစ်မှုထမ်းရန်အတွက် တစ်အိမ်တက်ဆင်း စာရင်းကောက်ယူမှုများ ဆက်တိုက်ပြုလုပ်နေသဖြင့် လူငယ်များ တိမ်းရှောင်ရန်ကြိုးစားနေကြောင်း ကောလာဟလ သတင်းအမှားများကို လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၀**

ရန်ကုန်မြို့တွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန်အတွက် တစ်အိမ် တက်ဆင်း စာရင်းကောက်ယူမှုများ ဆက်တိုက်ပြုလုပ်နေသဖြင့် လူငယ်များထွက်ပြေးတိမ်းရှောင်ရန် ပိုမိုကြိုးစားလာကြကြောင်း ကောလာဟလသတင်းအမှားများကို ပြည်သူများစိုးရိမ်ထိတ်လန့်စေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ထိုသို့တရားမဝင်ပြည်ဖျက်မီဒီယာများ၏ ကောလာဟလသတင်းအမှားများနှင့် မဟုတ်မမှန်ဝါဒဖြန့်ဝေမှုများသည် ပြည်သူများအား စိုးရိမ်ထိတ်လန့်စေရန်နှင့် လူငယ်လူရွယ်များ၏ အနာဂတ်ပျက်စီးစေပြီး လမ်းမှားရောက်စေရန် တွန်းပို့နေခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရမှလည်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ပြည်သူများ၊ လူငယ်လူရွယ်များ ထင်ယောင်ထင်မှားမဖြစ်စေရန်အတွက် မိမိတို့သိရှိလိုသည်များကို https://mod.gov.mm/node/74 တွင် လေ့လာကြည့်ရှုနိုင်ကြောင်း၊ စုံစမ်းမေးမြန်းနိုင်ရန်အတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူများပါဝင်သည့် အဖွဲ့အစည်းများဖွဲ့စည်းပြီး ဖြေကြားဆောင်ရွက်ပေးခြင်း၊ လက်ကမ်းစာစောင်များဖြင့် အသိပညာပေးခြင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြလျက်ရှိသည်။

ယခုဖြစ်စဉ်သည်လည်း လူငယ်များကို လမ်းမှားရောက် စေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက မဲဆွယ်စည်းရုံးနေသည့် ဝါဒဖြန့်ဝေမှုများသာဖြစ်ပြီး ရန်ကုန်မြို့အတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို လုပ်ကြံရေးသားဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ MFF မှ

ပွဲစဉ် (၁၉) အပြီးတွင် YRG အသင်း ရှုံးပွဲကြုံတွေ့သော်လည်း ၄၃ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး SGF အသင်းက ၄၂ မှတ်၊ TG United အသင်းက ရမှတ် ၄၀၊ Sun Far အသင်းက ၃၈ မှတ်၊ Black Cross အသင်းက ၃၆ မှတ်၊ KKY အသင်းက ၃၁ မှတ်၊ ရွှေပြည်သာ အသင်းက ရမှတ် ၃၀၊ Maryar အသင်းက ၂၂ မှတ်၊ Golden Yoma အသင်းက ၁၉ မှတ်၊ Seven အသင်းနှင့် Noka United အသင်းတို့က ကိုးမှတ်စီ၊ M-Million အသင်းက ခြောက်မှတ် ရရှိထားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ -MFF**



TG United အသင်းနှင့် YRG အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့အထိမ်းအမှတ် မွန်ဓလေ့မွန်မှုသုတေသနစာတမ်းဖတ်ပွဲ ကျင်းပ



မော်လမြိုင် မတ် ၁၀

၂၀၂၄ ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်မည့် နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့အထိမ်းအမှတ် မွန်ဓလေ့မွန်မှု သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ရာမညဟိုတယ်၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အထူးအလေးထားဆောင်ရွက်လျက်ရှိ**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရေး ဦးတည်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ထုတ်မြှင့်တင်ပေးနိုင်ရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မွန်တိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုသမိုင်း အမွေအနှစ်များ ဖော်ထုတ်နိုင်ရေးနှင့် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်စေရန်၊ မျိုးဆက်သစ်သုတေသနပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်ကောင်းများဖြင့် ယခုစာတမ်းဖတ်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မွန်တို့၏ ရှေးကျသည့်ကိုးကွယ်ယုံကြည်မှုများကို သိရှိနားလည်စေရန်နှင့် ပြည်သူများ အသိပညာတိုးပွားစေရန် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီ မော်လမြိုင်မြို့နယ် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ နိုင်ကျန်ရစ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မွန်ဓလေ့ မွန်မှု စာတမ်းတွင် ပါဝင်ရေးသားပြုစုသော စာတမ်းရှင်များနှင့် တစ်ဦးချင်း မိတ်ဆက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက မွန်တို့၏ယုံကြည်ကိုးကွယ်ရာ ဓလေ့ထုံးဖြစ်သော မွန်ရိုးရာနတ်ကနား Video Clip ကိုလည်းကောင်း၊ မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က မွန်ရိုးရာနတ်ကနားယိမ်းဖြင့် ကပြဖျော်ဖြေတင်ဆက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး စာတမ်းရှင်များက မွန်လူမျိုးတို့၏ နတ်ကိုးကွယ်မှုသမိုင်းစာတမ်း၊ မွန်လူမျိုးတို့၏ ရိုးရာနတ်ကိုးကွယ်ယုံကြည်မှုများစာတမ်း၊ မွန်ရိုးရာနတ်၏ လာရာကောက်ကြောင်း စာတမ်း၊ ယနေ့ခေတ် မွန်ရိုးရာနတ်ကနား ဆင်ယင်ကျင်းပခြင်း စာတမ်းတို့ကို ဖတ်ကြားတင်ပြခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

---

❒ MNL မှ

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ကစားသမားသစ်များဖြင့် ပြန်လည်တည်ဆောက်ထားသည့် ရတနာပုံအသင်းသည် နှစ်ပွဲဆက် အနိုင်ရခဲ့သလို ပေးဂိုးမရှိအောင်လည်း စွမ်းဆောင်နိုင်ခဲ့သည်။ မြဝတီအသင်းမှာမူ နှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ခဲ့သဖြင့် နောက်တစ်ဆင့်တက်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

ရတနာပုံအသင်းသည် စိုးထက်ဝင်း၊ စိုးမင်းဦး၊ ရန်ကျော်စိုး၊ ခင်ကျော်ဝင်း၊ မိုးဆွေ၊ စစ်မုန်းစသည့် ကစားသမားများဖြင့် ပွဲထွက်ခဲ့ပြီး မြဝတီအသင်းမှာလည်း ထွန်းနန္ဒဦး(ဂိုး)၊ ကောင်းစည်သူ၊ နိုင်ဇင်ထက်တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ပုံစံကောင်းရနေသည့် ရတနာပုံအသင်းသည် ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၂၆ မိနစ်တွင် စိုးမင်းဦးက ဦးဆောင်ဂိုးသွင်းယူခဲ့ကာ အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၆၃ မိနစ်တွင် ခင်ကျော်ဝင်းက သွင်းယူခဲ့သည်။

**သစ္စာအားမာန်အသင်းနိုင်ပွဲရ**

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ရက္ခပူရယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲဆက်နိုင်ပွဲပျောက်ထားသည့် သစ္စာအားမာန်အသင်းသည် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် ဂိုးများကို ၄၂ မိနစ်တွင် အောင်ထွန်းထွန်း၊ ၇၇ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်တို့က သွင်းယူပြီး ရက္ခပူရယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၁ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ကွန်ဒီက သွင်းယူခဲ့သည်။ YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် Dagon Port အသင်းက ငွေကြယ်ပွင့်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသော်လည်း နှစ်ပွဲဆက်အရေးနိမ့်ထားသည့် Dagon Port အသင်းသည် တတိယမြောက်ပွဲတွင် ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ Dagon Port အသင်းအတွက် အနိုင်ဂိုးများကို ၄၃ မိနစ်တွင် အောင်ကျော်သူ၊ ၅၂ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် တည်ငြိမ်မင်း၊ မိနစ် ၆၀ တွင် မျိုးဆက်ပိုင်နှင့် ၇၂ မိနစ်တွင် ကောင်းမြတ်ကျော်တို့က သွင်းယူခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားအသင်းက ဧရာဝတီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အဖွင့်ပွဲတွင် အနိုင်ရထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ဒဂုံစတားအသင်းက အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရခဲ့သည်။ လေးမိနစ်တွင် နန်းထိုက်ဇော်က ဧရာဝတီအသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း ဒဂုံစတားအသင်းအတွက် ၄၆ မိနစ်တွင် စွမ်းထက်က ချေပဂိုး၊ ၅၂ မိနစ်တွင် ပီတာအောင်ဝေထူး၊ မိနစ် ၆၀ တွင် ညီညီတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။ ဧရာဝတီအသင်းအတွက် ဒုတိယဂိုးကို ၉၀+၅ မိနစ်တွင် ရန်ပိုင်စိုးက သွင်းယူခဲ့သည်။

မတ်လ နိုင်ငံတကာရက်သတ္တပတ်ကြောင့် MNL Cup ပြိုင်ပွဲကို ခေတ္တရပ်နားမည်ဖြစ်ပြီး မတ် ၃၁ ရက်မှ ပြန်လည်ကျင်းပမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL


ညအချိန် အိပ်နေချိန်တွင်
လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်


---

# စစ်တွေမြို့၌ လစာလာထုတ်သည့်မြို့နယ်ပညာရေးမှူးနှင့် စာမေးပွဲအခန်းစောင့်ရန်လာသည့် ဆရာ ဆရာမ ၂၀ ခန့်ကို ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၁၀

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် လစာလာထုတ်သည့် မြို့နယ်ပညာရေးမှူးနှင့်




တက္ကသိုလ်ဝင်စာမေးပွဲ အခန်းစောင့်ရန်လာသည့် ဆရာ ဆရာမ ၂၀ ခန့်ကို မတ် ၇ ရက်က စစ်တွေမြို့မရဲစခန်းတွင် ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာအချို့က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ စစ်တွေမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ စစ်တွေမြို့တွင် လစာလာထုတ်သည့် မြို့နယ်ပညာရေးမှူးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အခန်းစောင့်ရန်လာသည့် ဆရာ ဆရာမ ၂၀ ခန့်ကို စစ်တွေမြို့မရဲစခန်းတွင် ဖမ်းဆီးထားခြင်းမရှိကြောင်း သိရသည်။ AA အကြမ်းဖက် သောင်းကျန်းသူများက စစ်တွေမြို့နယ်အတွင်းရှိ မြို့၊ ရွာများတွင် အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန်အတွက် ဌာနဆိုင်ရာအဆောက်အအုံများကို ဒရုန်းများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် မှန်ကန်မှုမရှိသည့် သတင်းအမှားများကို လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၀ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၇၂၅ | ၂၇၅၀ | ၂၇၃၅ | ၂၇၁၅ | ၂၈၁၀ | ၂၈၂၅ | ၂၇၂၀ | ၂၇၃၀ | ၂၇၆၅ | ၂၇၆၅ | ၂၇၇၀ | ၃၀၀၀ | ၃၁၅၀ |
| 95 Ron | ၂၇၉၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၃၅ | ၂၈၆၀ | ၂၈၄၅ | ၂၈၂၀ | ၂၉၂၀ | ၂၉၃၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၇၅ | ၂၈၇၅ | ၂၈၈၀ | ၃၁၀၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၅၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၇၉၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၇၉၅ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၆ | ၂၆၄၁ |
| 95 Ron | ၂၆၆၂ | ၂၇၄၉ |
| HSD (500 ppm) | ၂၃၁၆ | ၂၃၉၂ |
| HSD (50 ppm) | ၂၃၆၁ | ၂၄၃၈ |
| HSD (10 ppm) | ၂၃၆၁ | ၂၄၃၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကြက်သွန်ဖြူ၏ အစွမ်းထက်သော အာနိသင်များ

လွန်းပိုးအိမ်

ကြက်သွန်ဖြူဟာ အိမ်တိုင်းအိမ်တိုင်းရဲ့စားဖိုဆောင်မှာ ဟင်းခတ်အမွှေးအကြိုင်အဖြစ် မရှိမဖြစ်လိုအပ်လျက်ရှိကြောင်း သိရှိပြီးဖြစ်ပါတယ်။ ကြက်သွန်ဖြူဟာ အိမ်ရှင်မတိုင်းရဲ့လက်သုံးဖြစ်ပြီး ကျန်းမာရေးနဲ့လည်း ညီညွတ်ပါတယ်။ ဟင်းချက်ရာမှာ မရှိမဖြစ်လိုအပ်လှတဲ့ ကြက်သွန်ဖြူဟာ ဟင်းခတ်အမွှေးအကြိုင်အပြင် အိမ်တွင်းတိုင်းရင်းဆေးတစ်ပါးအဖြစ်လည်း ရပ်တည်လို့နေပါတယ်။ မြန်မာ့လက်ဖက်ပွဲများမှာလည်း ထည့်ဝါစွာပါဝင်လို့ အလွန်မွှေးပျံ့တဲ့ရနံ့ကို ရရှိစေပါတယ်။ တချို့က ကြက်သွန်ဖြူကို ထမင်းထဲမှာလည်း တို့စရာအဖြစ် စားသုံးကြပါတယ်။

အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်တာမို့ ဘယ်နည်းနဲ့ပဲ စားစား ကျန်းမာရေးအတွက် အထူးကောင်းမွန်တဲ့ အစားအစာတစ်မျိုးဖြစ်တာကြောင့် ယုံကြည်စွာနဲ့သုံးစွဲနိုင်ပါတယ်။ ကြက်သွန်ဖြူမှာပါဝင်တဲ့ ဆာလဖာဒြပ်ပေါင်းဟာ အနံ့နဲ့အရသာကို ဖြစ်ပေါ်စေပြီး ကျန်းမာရေးကို အကျိုးပြုစေပါတယ်။ ကြက်သွန်ဖြူဟာ စွယ်စုံရ ပစ္စည်းအဖြစ်တည်ရှိနေပါတယ်။ ကြက်သွန်ဖြူရဲ့ ဆေးဖက်ဝင်ပုံ၊ အသုံးဝင်ပုံနဲ့ အစွမ်းထက်တဲ့အာနိသင်တွေအကြောင်းကို စာရေးသူ စုံလင်စွာ တင်ပြလိုက်ရပါတယ်–



**အစာခြေစနစ်ကိုလည်း ကောင်းမွန်စေ**

ကြက်သွန်ဖြူစားသုံးခြင်းဟာ အစာခြေစနစ်ကို ကောင်းမွန်စေပါတယ်။ အူလမ်းကြောင်းရဲ့လုပ်ငန်းဆောင်တာတွေကို တိုးတက်စေတဲ့အပြင် မအီမသာဖြစ်ခြင်းနဲ့ ယားယံခြင်းတွေကိုပါ သက်သာစေပါတယ်။

**ကိုလက်စထရောလည်းကျဆင်းစေ**

ကြက်သွန်ဖြူပါဝင်တဲ့အစားအစာတွေကို စားသုံးပေးမယ်ဆိုရင် ခန္ဓာကိုယ်ရဲ့ကျန်းမာရေးကို ထိခိုက်စေတဲ့ ကိုလက်စထရောကို လျော့ကျစေပါတယ်။ ကြက်သွန်ဖြူမှာပါဝင်တဲ့ Allincin က ကျန်းမာရေးကို ကောင်းစေတာပါ။

**မျက်စိအားကောင်းခြင်း**

အီရန်နိုင်ငံဆေးပညာရှင်များ၏ သုတေသနပြုချက်အရ ကြက်သွန်ဖြူဟာ မျက်လုံးအိမ်အတွင်း အရည်၏ဖိအားကို လျော့ကျစေကြောင်းသိရပြီး တူရကီနိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ ကျွမ်းကျင်သူများလေ့လာမှုအရ ကယ်ထိုက်ဆစ်ခေါ် သေးငယ်သောဘက်တီးရီးယားကြောင့်ဖြစ်သော မျက်စိနှင့်ပတ်သက်တဲ့ရောဂါတွေကို ကာကွယ်ပေးတယ်လို့ သိရပါတယ်။ ကြက်သွန်ဖြူမှာ Selenium၊ Guercetin နဲ့ ဗီတာမင်စီတွေ များများပါဝင်ပါတယ်။ ဒီအာဟာရဓာတ်တွေကြောင့် မျက်လုံးထဲကို ပိုးဝင်တဲ့အခါ ဖောင်းအစ်တာတွေ မဖြစ်စေဘဲ မျက်စိအားကောင်းစေပါတယ်။

> **ကြက်သွန်ဖြူဟာ ခန္ဓာကိုယ်ရဲ့အိုမင်းရင့်ရော်မှုကိုဖြစ်စေတဲ့ ဇီဝကမ္မဖြစ်စဉ်တွေကို ထိန်းချုပ်ပေးကာ စိတ်ဖောက်ပြန်မှုကို လျော့ကျစေနိုင်ပါတယ်။ အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ပြီး ဦးနှောက်စွမ်းရည်ကောင်းစေတဲ့အပြင် အိုမင်းရင့်ရော်မှုကို ထိန်းချုပ်ပေးနိုင်ပြီး အရွယ်တင်နုပျိုနိုင်ကြောင်း** Tufts University of Medicine **၏ သုတေသနပြုချက်အရ သိရ**

**ကျောက်ကပ်အားကိုလည်းကောင်းစေ**

နံနက်စောစော အစာမစားမီ ကြက်သွန်ဖြူစိမ်ရေတစ်ခွက် သောက်ပေးခြင်း၊ ကြက်သွန်ဖြူ သုံး၊ လေးမွှာ စားပေးခြင်းဖြင့် ကျောက်ကပ်ကင်းစင်စေပါတယ်။ ကျောက်ကပ်မှာ ပိုးဝင်ပြီး အနာဖြစ်တာ၊ ဆီးလမ်းကြောင်းရောင်ရမ်းတာတွေဟာ ကုသဖို့အတွက် အလွန်ခက်ခဲသော်လည်း ကြက်သွန်ဖြူစိမ်ရေ ပုံမှန်သောက်ပေးခြင်းဖြင့် ပျောက်ကင်းနိုင်ပါတယ်။ ပန်ဂျက်ဆေးသုတေသနတက္ကသိုလ်ရဲ့ လေ့လာမှုအရ ကြက်သွန်ဖြူဟာ ကျောက်ကပ်ရောဂါဖြစ်စေနိုင်တဲ့ အဆိပ်အတောက်ဓာတ်ပစ္စည်းတွေကို ဖယ်ရှားပေးနိုင်ပြီး ကျောက်ကပ်လမ်းကြောင်း၊ ဆီးလမ်းကြောင်းပိတ်ဆို့မှုမဖြစ်အောင် ကာကွယ်ပေးနိုင်ကြောင်းလည်း သိရပါတယ်။

**အအေးမိခြင်းကိုလည်း သက်သာ**

ကြက်သွန်ဖြူကို အစိမ်းစားပေးမယ်ဆိုရင် အအေးမိဖျားနာခြင်း၊ ချောင်းဆိုးခြင်းတွေကို သက်သာစေပါတယ်။ အအေးမိဖြစ်နေတယ်ဆိုရင်တော့ ကြက်သွန်ဖြူနှစ်မွှာလောက်ကို စားတာမျိုးလုပ်ပေးစေချင်ပါတယ်။

**အသည်းကိုလည်း အားကောင်းစေ**

ကြက်သွန်ဖြူစားခြင်းဟာ အသည်းအားကောင်းစေပါတယ်။ ကြက်သွန်ဖြူမှာပါဝင်တဲ့ အာဟာရဓာတ်တွေက အသည်းကျန်းမာရေးကို အားကောင်းစေပါတယ်။

ဒါ့အပြင် နှလုံးနဲ့ပတ်သက်တဲ့ရောဂါရှိသူတွေဟာ ကြက်သွန်ဖြူကို စားပေးတဲ့အခါမှာ လေ့ကျင့်ခန်းတွေ ပိုမိုလှုပ်ရှားလုပ်ကိုင်လာနိုင်ကြောင်း သိရပါတယ်။ ဂျပန်နိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုဌာနရဲ့ လေ့လာချက်အရ ကြက်သွန်ဖြူစားသုံးသူဟာ ပင်ပန်းနွမ်းနယ်မှုကို လျော့ကျစေပြီး ခုခံအားတိုးတက်လာကြောင်းကိုလည်း တွေ့ရှိရပါတယ်။

**အရိုးအဆစ်ကိုလည်း သန်မာ**

အသက်အရွယ်ကြီးရင့်လာတဲ့အခါ လူတွေမှာ အရိုးပွခြင်း၊ အဆစ်ရောင်ခြင်းတွေ ဖြစ်တတ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ သက်ကြီးရွယ်အိုအများစုမှာ ထိုရောဂါအဖြစ်များကြပါတယ်။ ကြက်သွန်ဖြူစားသုံးခြင်းဟာ ခန္ဓာကိုယ်ရဲ့အက်စရိုဂျင်ရရှိမှုကို ကူညီပေးပြီး ခန္ဓာကိုယ် ကျောရိုးမကြီးဖွံ့ဖြိုးကာ အရိုးအားလုံးကျန်းမာသန်စွမ်းဖို့ကို များစွာ ကူညီပေးပါတယ်။

နောက်ပြီး ကြက်သွန်ဖြူဟာ ခန္ဓာကိုယ်ရဲ့ အိုမင်းရင့်ရော်မှုကို ဖြစ်စေတဲ့ ဇီဝကမ္မဖြစ်စဉ်တွေကို ထိန်းချုပ်ပေးကာ စိတ်ဖောက်ပြန်မှုကို လျော့ကျစေနိုင်ပါတယ်။ အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ပြီး ဦးနှောက်စွမ်းရည်ကောင်းစေတဲ့အပြင် အိုမင်းရင့်ရော်မှုကို ထိန်းချုပ်ပေးနိုင်ပြီး အရွယ်တင်နုပျိုနိုင်ကြောင်း Tufts University of Medicine ၏ သုတေသနပြုချက်အရ သိရပါတယ်။

**ကိုယ်အလေးချိန်ကိုလည်း လျှော့ချပေး**

နံနက်စောစော အစာမစားမီ ကြက်သွန်ဖြူစိမ်ရေတစ်ခွက်ကို သောက်ပေးခြင်းဟာ အစာအိမ်အစာခြေစနစ်ကို ပိုမိုကောင်းမွန်စေပါတယ်။ ပြင်သစ်သုတေသနပညာရှင်တွေရဲ့ လေ့လာချက်အရ ကြက်သွန်ဖြူစားသုံးခြင်းဟာ ခန္ဓာကိုယ်အတွင်းဖြစ်ပေါ်စေသော ရောင်ရမ်းမှုတွေကို တားဆီးနိုင်ပြီး ဗိုက်အောင့်၊ ဗိုက်နာ၊ လေထိုး၊ အစာမကြေခြင်းတို့ကို တားဆီးကာကွယ်နိုင်စွမ်းရှိပါတယ်။

**အသားအရေကိုလည်း လှပစေ**

ကြက်သွန်ဖြူစားသုံးခြင်းကြောင့် ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်တွေကို ပုံမှန်ဖယ်ရှားစွန့်ထုတ်ပေးနေတဲ့အတွက် အသားအရေကို စိုပြည်စေပြီး ခန္ဓာကိုယ်ကမလိုအပ်တဲ့၊ အန္တရာယ်ဖြစ်စေနိုင်တဲ့ အဆိပ်အတောက်တွေကို ပုံမှန်စွန့်ထုတ်မှုကြောင့် ခုခံအားကောင်းလာတဲ့အတွက် အအေးမိ၊ တုပ်ကွေး၊ ဖျားနာရောဂါတွေကို တိုက်ထုတ်နိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ရာ ကြက်သွန်ဖြူဟာ အိမ်ရှင်မတိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ ဆေးစွမ်းထက်မြက်တဲ့ ဆေးဝါးအဖြစ်လည်းကောင်း၊ အာဟာရအဖြစ်လည်းကောင်း မှီဝဲစားသုံးပေးနိုင်မှာဖြစ်ပါတယ်။ ကြက်သွန်ဖြူရဲ့ အစွမ်းထက်တဲ့အာနိသင်တွေကို စာဖတ်သူတွေ သိရှိအောင် ဗဟုသုတအဖြစ် ဝေငှပေးလိုက်ရပါတယ်။ ။

> **ကြက်သွန်ဖြူစားသုံးခြင်းကြောင့် ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်တွေကို ပုံမှန်ဖယ်ရှားစွန့်ထုတ်ပေးနေတဲ့အတွက် အသားအရေကို စိုပြည်စေပြီး ခန္ဓာကိုယ်က မလိုအပ်တဲ့၊ အန္တရာယ်ဖြစ်စေနိုင်တဲ့အဆိပ်အတောက်တွေကို ပုံမှန်စွန့်ထုတ်မှုကြောင့် ခုခံအားကောင်းလာတဲ့အတွက် အအေးမိ၊ တုပ်ကွေး၊ ဖျားနာရောဂါတွေကို တိုက်ထုတ်နိုင်မှာဖြစ်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်းဘူး(စကု)မြို့နယ် ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်း၌ နေရောင်ခြည်စွမ်းအင်သုံး ၂၁၅ ကီလိုဝပ် ဆိုလာဓာတ်အားပေးစနစ်ဖွင့်ပွဲ ကျင်းပ

မင်းဘူး မတ် ၁၀

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) လက်အောက်ရှိ ကျောက်စံ လျှပ်စစ်ရေတင်လုပ်ငန်းက ဆောင်ရွက်သည့် နေရောင်ခြည်စွမ်းအင်သုံး ၂၁၅ ကီလိုဝပ် ဆိုလာဓာတ်အားပေးစနစ် တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၉ ရက် နံနက်ပိုင်းက အဆိုပါ လျှပ်စစ်ရေတင်လုပ်ငန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် သီရိပျံချီဦးတင့်လွင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်၍ ကျောက်စံဆိုလာလျှပ်စစ်ရေတင်လုပ်ငန်း ဖွင့်ပွဲမုခ်ဦးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး နေရောင်ခြည်စွမ်းအင်သုံး ၂၁၅ ကီလိုဝပ် ဆိုလာဓာတ်အားပေးစနစ် တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်းခွင်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**အဖွင့်အမှာစကား ပြောကြား**

ထို့နောက် ရှင်းလင်းဆောင်၌ လုပ်ငန်း လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး



ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းငွေထံ နေရောင်ခြည်စွမ်းအင်သုံး ၂၁၅ ကီလိုဝပ် ဆိုလာဓာတ်အားပေးစနစ် တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်း မှတ်တမ်းဖိုင်အား လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး ၂၁၅ ကီလိုဝပ် ဆိုလာဓာတ်အားပေးစနစ် ဖော်ဆောင်နိုင်ခဲ့သည့်အတွက် အကျိုးပြုဧရိယာ ၇၅၅ ဧကအနက် ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါး ၅၂၅ ဧကနှင့် အခြားသီးနှံဧက ၂၃၀ တို့ကို စိုက်ပျိုးရေများ ဖြန့်ဝေ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီတွင် နွေစပါး ဧက ၂၀၀ နှင့် အခြားသီးနှံဧက ၄၅၀ စုစုပေါင်း ဧက ၆၅၀ ကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ပြီး ယခုအခါ နွေစပါးအတွက် စိုက်ပျိုးရေများပေးဝေ၍ ဒေသခံတောင်သူများက စတင်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ကချင်ပြည်နယ်အတွင်း ငါးစားသုံးမှုဖူလုံစေရေး ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား မတ် ၁၀

ကချင်ပြည်နယ် အတွင်း ငါးစားသုံးမှုဖူလုံစေရေး၊ ငါးသယံဇာတ တိုးပွားရေးအတွက် ငါးမွေးကန်များစာရင်းနှင့် မြေအသုံးချမှုမှန်ကန်စေရေးအတွက် ဥပဒေနှင့်အညီဖြစ်စေရေး၊ လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ငါးမွေးတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၉ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

**တွေ့ဆုံညှိနှိုင်း**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေးတောင်သူများ၊ မွေးမြူရေးတောင်သူများ၊ လုပ်ငန်းရှင်များနှင့် ယခုကဲ့သို့တွေ့ဆုံညှိနှိုင်းပြီး လိုအပ်ချက်များကို အချင်းချင်းပေါင်းစပ်ဆောင်ရွက်ခြင်းအားဖြင့် တိုးတက်မှု မြန်ဆန်လာမည်ဖြစ်သကဲ့သို့ တောင်သူများ ဘဝတိုးတက်မှုလည်း ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း၊ ယနေ့ ငါးမွေးတောင်သူများအနေဖြင့် မွေးမြူရေးကန်အဖြစ်အသုံးပြုထားသော မြေအမျိုးအစားအလိုက် ဥပဒေလုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန်နှင့် မြေပြင်လုပ်ငန်းစာရင်းတိကျမှန်ကန်စေရေး၊ လုပ်ပိုင်ခွင့်နှင့် မြေအသုံးချမှုအပေါ် စနစ်တကျဖြစ်စေရေး၊ ဒေသတွင်း ငါးရိက္ခာနှင့် အစာအာဟာရလိုအပ်ချက်၊ ဝင်ငွေတိုးပွားရေးတို့အတွက် ကူညီပံ့ပိုးနိုင်သည်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းမြင့်က ပြည်နယ်အတွင်း ငါးမွေးမြူရေးကန်များအဖြစ် အသုံးပြုထားသည့် မြေဧရိယာအခြေအနေများနှင့် လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးချမှုအပေါ် သိရှိနားလည်သင့်သည့် ဥပဒေ/နည်းဥပဒေများကို လည်းကောင်း၊ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ရဲထွဋ်လွင်က ငါးမွေးမြူရေးလုပ်ငန်းအတွက် ခွင့်ပြုချထားပေးနေမှု အခြေအနေများ၊ ဌာနသို့ လာရောက်လျှောက်ထားမှုများအပေါ် လိုအပ်သည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ငါးမွေးတောင်သူများ၊ လုပ်ငန်းရှင်များက ငါးမွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ငါးကန်များ မြေအသုံးချမှုမှန်ကန်စေရေး လျှောက်ထားတင်ပြရမည့် နည်းလမ်းများ၊ ရေရရှိရေးနှင့် နည်းပညာ အခက်အခဲများကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ငါးမွေးမြူရေးလုပ်ငန်းများ တိုးတက်မြင့်မားရေး၊ နည်းပညာလိုအပ်ချက်များနှင့် သွင်းအားစု လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ကချင်ပြည်နယ်အတွင်း ငါးမွေးမြူရေးကန်များအဖြစ် လုပ်ငန်းဆောင်ရွက်မှု၊ မြေအသုံးချမှုအနေဖြင့် ခွင့်ပြုပြီးဧရိယာ၊ လျှောက်ထားဆဲ ဧရိယာနှင့် လျှောက်ထားခြင်းမရှိသေးသည့်ဧရိယာ စုစုပေါင်း ၂၄၈၆ ဒသမ ၃၄ ဧကရှိပြီး ငါးမွေးမြူလုပ်ကိုင်သူများအနေဖြင့် မြစ်ကြီးနားခရိုင်သည် ၁၁၀၅ ဒသမ ၈၅ ဖြင့် ငါးအများဆုံး မွေးမြူထုတ်လုပ်သည့် ခရိုင်တစ်ခုဖြစ်ပြီး ချီဖွေခရိုင်သည် ငါးမွေးမြူမှုလုံးဝမရှိသော ခရိုင်တစ်ခုဖြစ်ကြောင်း ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာနမှ သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မုံရွာစီးပွားရေးတက္ကသိုလ် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ ကျင်းပ

မုံရွာ မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစီးပွားရေးတက္ကသိုလ် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ စိန်ရတုခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် ဘွဲ့ရမောင်မယ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မောင်တို့မယ်တို့ မျှော်မှန်းကြိုးပမ်းခဲ့ကြသည့် ရည်မှန်းချက်ပန်းတိုင်အသီးသီးအား ကောင်းစွာအောင်မြင်ရောက်ရှိခဲ့ကြပြီးဖြစ်ပါ၍ မောင်တို့မယ်တို့နှင့်အတူ မိဘဆွေမျိုး၊ ဆရာသမား၊ မိတ်ဆွေများအားလုံးကလည်း ဝမ်းမြောက်ဂုဏ်ယူနေကြမည်မှာ အမှန်ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ဘွဲ့ရမောင်မယ်များအတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အမိတက္ကသိုလ်ကြီးက သင်ကြားပေးလိုက်သည့် စီးပွားရေးပညာရပ်များအား လက်တွေ့ဘဝတွင် ကောင်းစွာအသုံးချပြီး နိုင်ငံတော်က အားထားရသည့် စီးပွားရေးပညာရှင်များ အသိပညာ၊ အတတ်ပညာရှင်များဖြစ်လာအောင် ကြိုးစားသွားကြရန် မှာကြားလိုပါကြောင်း။

မောင်တို့မယ်တို့သည် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သည်ဖြစ်စေ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ကြသည်ဖြစ်စေ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကာ အများနှင့်အတူ ပူးပေါင်းညှိနှိုင်းပြီး အတ္တဟိတ၊ ပရဟိတ မျှတအောင် ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ မောင်တို့မယ်တို့အားလုံးသည် ဘွဲ့ရခေတ်ပညာတတ်လူငယ်များပီပီ မိမိဘဝ၊ မိမိပတ်ဝန်းကျင်၊ မိမိတိုင်းပြည်အား တိုးတက်မြင့်မားအောင် စေတနာအရင်းခံနှင့် စွမ်းဆောင်ပေးနိုင်သည့် အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာနိုင်ကြစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက မုံရွာစီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာကြူထံ ငွေကျပ် ၁၀ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့ပြီး မုံရွာစီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ်က ကျေးဇူးတင်ဂုဏ်ပြုစကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ MPA ဘွဲ့ရကျောင်းသားတစ်ဦးနှင့် စတုတ္ထနှစ်ကျောင်းသူတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြပြီး မုံရွာစီးပွားရေး တက္ကသိုလ်ရှိ ဆရာ ဆရာမများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့် ဘွဲ့ရမောင်မယ်များနှင့်အတူ ညစာအတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ကျွန်းစုမြို့နယ်မှ စီးပွားဖြစ် ဂျင်းမွေးမြူရေးလုပ်ငန်း

တွေ့ဆုံမေးမြန်း - မြင့်ဦး(မြိတ်)

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက MSME လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာအုပ်စု ရေကန်တောင်ကျေးရွာနေ ခုံကောင်(ဒေသအခေါ် ဂျင်း)မွေးမြူသူ ဒေါ်နီနီအား စီးပွားဖြစ်ဂျင်းမွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်-

**မေး။** ။ ဂျင်းမွေးမြူရေးကို ဘယ်အချိန်လောက်က စလုပ်ခဲ့တာပါလဲ။

**ဖြေ ။** ။ ဂျင်းကို ၂၀၁၁ ခုနှစ်လောက်မှာ စတင်သတိထားမိတယ်။ ဂျင်းသားပေါက်တွေ စတင်တွေ့ရှိတဲ့အချိန်ကစပြီး ဂျင်းသားပေါက်တွေကို စတင်မွေးမြူခဲ့ပါတယ်။ မွေးမြူရေးမလုပ်ခင်မှာ ဂျင်းအလုံးကြီးတွေကို ထိုင်းမှာ စမ်းပြီး သွားရောင်းကြည့်တယ်။

**မေး။** ။ အဲဒီတုန်းက ထိုင်းမှာဈေးကွက်အနေအထားဘယ်လိုရှိပါသလဲ။

**ဖြေ။** ။ အဲဒီတုန်းက တစ်ကီလိုကို ၁၀ ဘတ်ပဲရတယ်။ တွက်ခြေမကိုက်တော့ ကန်ထဲမှာထည့်ပြီး မွေးထားတယ်။ နောက်ပိုင်းမှာ တစ်ကီလိုကို ၁၅ ဘတ် ပေးလာတယ်။ အခုကတော့ ဘတ် ၉၀ လောက်အထိ ပေးလာတယ်။

**မေး။** ။ ဂျင်းမွေးမြူရေးလုပ်ငန်း ကျယ်ပြန့်လာတဲ့အနေအထားကို ပြောပြပေးပါ။

**ဖြေ။** ။ ဂျင်းမွေးမြူရေးလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်မှာ လိုင်စင် စတင်ရရှိပါတယ်။ အဲဒီကနေ လုပ်ငန်းတွေကို တဖြည်းဖြည်းနဲ့ တိုးချဲ့လုပ်ကိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာတော့ လုပ်ငန်းတွေက အကျယ်ပြန့်ဆုံးအနေအထား ရောက်လာတယ်။ အောင်လည်း အောင်မြင်လာကြတယ်။ လိုင်စင်တွေလည်း ဆက်တိုက်ချပေးလာတယ်။

**မေး။** ။ အခုလက်ရှိအနေအထားမှာ ဂျင်းဝယ်ယူ တင်ပို့မှုအခြေအနေ ဘယ်လိုရှိပါသလဲ။

**ဖြေ။** ။ အရင်တုန်းက ထိုင်းကို သွားရောင်းတော့ ထိုင်းကပေးတဲ့ ဈေးအတိုင်းရောင်းရတယ်။ အခုကတော့ ထိုင်းကို တင်ပို့စရာမလိုဘဲ ဒီမှာပဲရောင်းရတာ ပိုပြီးတွက်ခြေကိုက်ပါတယ်။ ဂျင်းမွေးကန်တွေက ပြန်လည်ဝယ်ယူတဲ့အတွက် လုပ်ငန်းတွေက အောင်မြင်မှုရှိလာပါတယ်။

**မေး။** ။ ဒီလုပ်ငန်းက ဒေသခံတွေအတွက် အကျိုးရှိပါသလား။

**ဖြေ။** ။ ဒေသခံတွေကတော့ ဂျင်းသားပေါက်မွေးမြူတဲ့အချိန်ကနေ ဈေးကွက်ဝင်ဂျင်းအလုံးကြီးတွေရတဲ့အထိ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနေပါတယ်။

**မေး။** ။ လက်ရှိ ဈေးကွက်အနေအထားကိုလည်း ပြောပြပေးပါ။

**ဖြေ။** ။ ပုံမှန်အားဖြင့် ဂျင်းတစ်ကီလိုကို ငွေကျပ် ၈၀၀၀ ပျမ်းမျှရရှိပါတယ်။ အလုံးရေ ၁၀၀ အောက်ဆို ငွေကျပ် ၈၀၀၀ ရရှိတယ်။ အလုံးရေ ၁၀၀ အထက်ကို ငွေကျပ် ၇၅၀၀၊ ၆၅၀၀ စသဖြင့် ဈေးဖြတ်ထားတယ်။

**မေး။** ။ ဂျင်းမွေးတဲ့အခါ ဘယ်လိုအရွယ်အစားအထိ မွေးမြူကြပါသလဲ။

**ဖြေ။** ။ ဂျင်းတစ်ကီလိုမှာ အလုံးရေ ၃၀၀၀၀ ရှိတဲ့အရွယ်အစားတွေကို အများဆုံးမွေးမြူကြပါတယ်။ အဲဒီလိုမွေးလာရာကနေ တစ်ကီလိုကိုအလုံး ၁၀၀ အောက်ရောက်တဲ့အရွယ်အထိ မွေးမြူရပါတယ်။



**မေး။** ။ အောင်မြင်မှုရာခိုင်နှုန်းက ဘယ်လောက်အထိ ရှိနိုင်သလဲ။

**ဖြေ။** ။ ဂျင်းသားပေါက် သေတာတွေလည်း ရှိပါတယ်။ ဒီနှစ်မှာတော့ နှစ်ဆကနေ သုံးဆအထိ ပွားတယ်။ အတိအကျတော့ မတွက်ချက်ရသေးပါဘူး။

**မေး။** ။ ဂျင်းမွေးမြူရေးလုပ်ငန်းတွေက ဘယ်လောက်အထိ အလားအလာရှိပါသလဲ။ ထိုင်းဈေးကွက်တစ်ခုတည်းကိုပဲ မှီခိုနေရတာလား၊ တခြားဈေးကွက်တွေကိုလည်း ထိုးဖောက်ဖို့ရှိလား။

**ဖြေ။** ။ လက်ရှိအနေအထားကတော့ ထိုင်းကိုပဲပို့နေတယ်။ ထိုင်းနိုင်ငံကတော့ အခြား



နိုင်ငံတွေကို တင်ပို့နေတယ်လို့ကြားသိရပါတယ်။ အလားအလာအနေအထားကတော့ စနစ်တကျမွေးမြူတာမဟုတ်တော့ နေအပူရှိန်ပြင်းရင် ဂျင်းတွေ သေတယ်။ နားလည်တတ်ကျွမ်းသလောက်ပဲ မွေးမြူနေကြပါတယ်။ နည်းစနစ်မှန်မှန်နဲ့ မွေးမြူမယ်ဆိုရင် ဂျင်းသေနှုန်းလျော့ကျပြီး အလားအလာပိုကောင်းနိုင်ပါတယ်။

**မေး။** ။ သဘာဝဂျင်းခုံးနဲ့ပတ်သက်ပြီး ဝယ်ယူတဲ့ အပိုင်းလေးသိချင်ပါတယ်။

**ဖြေ။** ။ ဝယ်ယူတဲ့အပိုင်းကတော့ သတ်မှတ်တဲ့ ဈေးနှုန်းအတိုင်း ဝယ်ယူပေးကြတယ်။ ရပ်ရွာရန်ပုံငွေဆိုပြီးတော့ ပိုက်ဆံထည့်ပေးရတယ်။ ဂျင်းကောက်တဲ့သူတွေကတော့ မည်သူမဆိုလာရောက်ကောက်ယူနိုင်ပါတယ်။ ဂျင်းလာကောက်တဲ့လှေအစင်းရေ ၅၀၀ လောက်ရှိပါတယ်။ လှေတစ်စင်းမှာ လူငါးယောက်လောက် ပါလာတတ်ကြပါတယ်။

**မေး။** ။ ဂျင်းသားပေါက်တဲ့ အချိန်ရာသီ နည်းနည်းလောက်ရှင်းပြပေးပါ။

**ဖြေ။** ။ ဂျင်းသားပေါက်တဲ့အချိန်က အောက်တိုဘာလပိုင်းလောက်ဆို သားပေါက်တယ်။ ဆိုဒ်ဝင်တဲ့ အရွယ်အစားလောက်ရောက်ရင် သဘာဝဂျင်းခုံးကို စဖွင့်ပေးပါတယ်။ ပင်လယ်ဒီရေအတက်အကျကြည့်ပြီးတော့ ဂျင်းသားပေါက်ကောက်ရမယ့်အချိန်ကို သတ်မှတ်ပေးတယ်။ ပထမတစ်ကြိမ် သုံးရက်လောက် ဖွင့်ပေးတယ်။ ပြီးရင် နောက်တစ်ကြိမ် ပြန်ပိတ်တယ်။ ရွှံ့ပြင်အနေအထားမှန်လာပြီဆိုရင် နောက်တစ်ကြိမ် ပြန်ဖွင့်ပေးတယ်။ အဲဒီလိုမျိုး ဂျင်းသားပေါက်ကုန်တဲ့အချိန်ကျ ပြန်ပိတ်လိုက်တယ်။ သဘာဝဂျင်းခုံးကို ဒီလိုပဲ တစ်နှစ်လောက်ပြန်ထားရတယ်။ အဲဒီလိုနဲ့ သဘာဝဂျင်းသားပေါက်တွေ ပြန်ပြန်ပြီးများလာပါတယ်။

**မေး။** ။ အခက်အခဲနဲ့ တခြားဖြည့်စွက်ပြောချင်တာရှိရင်လည်း ပြောပြပေးပါ။

**ဖြေ။** ။ တနင်္သာရီတိုင်းဒေသကြီးထဲမှာ ဂျင်းမွေးမြူရေးကန် ၁၀၀ ကျော်လောက်ရှိတယ်။ ဂျင်းမွေးမြူဖို့အတွက် ဂျင်းသားပေါက်မရမှာဘဲ စိုးရိမ်ရပါတယ်။ သားပေါက်ရနေရင်တော့ တစ်နှစ်ပတ်လုံးမွေးမြူလို့ရပါတယ်။ ။





မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။
ကြေးမုံစာတည်းအဖွဲ့

## Grammar & Writing

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်ဘာသာကို အခြေခံမှစပြီး လေ့လာမှတ်သားနိုင်ရန် Basic Grammar (အခြေခံသဒ္ဒါ) နှင့် Basic Writing Patterns (အခြေခံစာရေးနည်းများ)ကို ဖော်ပြသွားမှာဖြစ်ပါတယ်။

အင်္ဂလိပ်ဘာသာကို စတင်လေ့လာရာမှာ အောက်ဖော်ပြပါ သဒ္ဒါပိုင်းဆိုင်ရာ အခေါ်အဝေါ်တွေကို လေ့လာမှတ်သားထားဖို့ လိုအပ်ပါတယ်။

1. **Alphabet (အက္ခရာစာလုံးအစဉ်)**

ဘာသာစကားတစ်ခု ရေးသားရာတွင် အသုံးပြုရတဲ့ အက္ခရာစာလုံးအစဉ်ကို **Alphabet** လို့ခေါ်ပါတယ်။ အင်္ဂလိပ်ဘာသာမှာ **A** ကနေ **Z** အထိ အက္ခရာစာလုံး ၂၆ လုံးရှိပါတယ်။

2. **Letter (အက္ခရာစာလုံး)**

အသံတစ်ခုကိုဖော်ပြတဲ့ အက္ခရာစာလုံး တစ်ခုစီတိုင်းကို **Letter** လို့ခေါ်ပါတယ်။ ဥပမာ- a, b, c, d …etc.

3. **Vowels (သရ)**

A ကနေ Z အထိ ၂၆ လုံးရှိတဲ့ထဲက **a, e, i, o, u** (၅) လုံးကို **"သရ" (vowel)** လို့ ခေါ်ပါတယ်။ (အခြားအသံတွေရဲ့ အကူအညီမပါဘဲ အသံတစ်ခုဖြစ်လာအောင် ရွတ်ဆိုနိုင်တဲ့အတွက် **"သရ"** လို့ခေါ်တာဖြစ်ပါတယ်။)

4. **Consonants (ဗျည်း)**

A ကနေ Z အထိ ၂၆ လုံးထဲက a, e, i, o, u ကလွဲပြီး ကျန်တဲ့ (၂၁) လုံးကို **"ဗျည်း" (consonants)** လို့ ခေါ်ပါတယ်။ (သူတို့တွေက **"သရ"** သံတစ်ခုရဲ့ အကူအညီ၊ a, e, i, o, u တစ်လုံးလုံး မပါဘဲ အသံတစ်ခုဖြစ်လာအောင် မရွတ်ဆိုနိုင်ပါဘူး။)

5. **Half vowel (သရဝက်)**

**Y** နဲ့ **W** ကို **"သရဝက်"** လို့ ခေါ်ပါတယ်။ တချို့စကားလုံးတွေက a, e, i, o, u (သရ) မပါပေမယ့် y သို့မဟုတ် w ပါတဲ့အတွက် အသံထွက်လို့ရပါတယ်။ ဒါကြောင့် y နဲ့ w ကို **"သရဝက်"** လို့ ခေါ်ခြင်းဖြစ်ပါတယ်။ ဥပမာ- **by , fly, sky, law, saw**

ဒါပေမဲ့ **y** နဲ့ **w** ဟာ စကားလုံးတစ်လုံးရဲ့ အနောက်ဘက်မှာ ရှိနေရင် **"သရ"** အလုပ်ကို လုပ်ပေမယ့် စကားလုံးရဲ့ အရှေ့ဘက်မှာရှိနေရင်တော့ **"ဗျည်း"** အလုပ်ကို လုပ်ပါတယ်။ ဥပမာ- **you, warm, young, wrong**

6. **Word (စကားလုံး)**

**"စကားလုံး"** ဆိုတာ **"သရ"** နဲ့ **"ဗျည်း"** ပေါင်းစပ်ထားတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ **"သရ"** တစ်လုံး **"ဗျည်း"** တစ်လုံး ပေါင်းစပ်လိုက်ရင် အဓိပ္ပာယ်ရှိတဲ့ စကားလုံးလေးတွေ ထွက်လာပါတယ်။ ဒီတော့ စကားလုံးဆိုတာ **"သရ"** နဲ့ **"ဗျည်း"** ပေါင်းစပ်ထားတာလို့ မှတ်ထားရပါမယ်။ ဒါပေမဲ့ အဓိပ္ပာယ်ရှိမှသာ **"စကားလုံး"** လို့ ခေါ်ဆိုနိုင်မှာ ဖြစ်ပါတယ်။ **"သရ"**နဲ့ **"ဗျည်း"** ပေါင်းစပ်ထားပေမယ့် အဓိပ္ပာယ်မရှိရင် **"စကားလုံး"** လို့ မခေါ်နိုင်ပါဘူး။

ဥပမာ- go = သွားသည် (အဓိပ္ပာယ်ရှိတဲ့အတွက် စကားလုံး)
is = ဖြစ်သည် (အဓိပ္ပာယ်ရှိတဲ့အတွက် စကားလုံး)
to = သို့ (အဓိပ္ပာယ်ရှိတဲ့အတွက် စကားလုံး)
cake = ကိတ်မုန့် (အဓိပ္ပာယ်ရှိတဲ့အတွက် စကားလုံး)
beautiful = လှပသော (အဓိပ္ပာယ်ရှိတဲ့အတွက် စကားလုံး)

ဒါပေမဲ့ aueuknwntwn ကတော့ **"သရ"**နဲ့ **"ဗျည်း"** ပေါင်းစပ်ထားပေမယ့် အဓိပ္ပာယ်မရှိတဲ့အတွက် **"စကားလုံး"** လို့ ခေါ်လို့မရပါဘူး။

7. **Phrase (စကားစု)**

**"စကားစု"** ဆိုတာ စကားလုံးတွေကို စုစည်းပေါင်းစပ်ထားတယ်။ ဒါပေမဲ့ Verb ကြိယာ မပါပါဘူး။

ဥပမာ - on the table, at night, in the morning

8. **Clause (ပုဒ်စု/ ဝါကျပိုင်း)**

**"ပုဒ်စု"** ဆိုတာ စကားလုံးတွေကို စုစည်းပေါင်းစပ်ထားတယ်။ **Verb** ကြိယာလည်း ပါတယ်။ ဒါပေမဲ့ အဓိပ္ပာယ်ပြည့်စုံမှု မရှိဘူး။

ဥပမာ - who helps people = လူတွေကို ကူညီပေးသော
which is on the bus = ဘတ်စ်ကားပေါ်မှာ ရှိတဲ့
whose mangoes were stolen = သူ့သရက်သီး ခိုးခံလိုက်ရသော
While it is raining = မိုးရွာနေစဉ်

9. **Sentence (ဝါကျ)**

စကားလုံးတွေကို အဓိပ္ပာယ်ပြည့်စုံအောင်၊ အစီအစဉ်တကျရှိအောင် ပေါင်းစပ်ဖွဲ့စည်း ရေးသားထားခြင်းကို **Sentence (ဝါကျ)** လို့ ခေါ်ပါတယ်။

တစ်ခါတစ်ရံမှာ စကားလုံးတစ်လုံးတည်းနဲ့လည်း အဓိပ္ပာယ်ပြည့်စုံမှုရှိတဲ့အတွက် **"ဝါကျ"** လို့ ခေါ်လို့ရပါတယ်။ ဥပမာ- **"Thanks", "Bye", "Stop"**

10. **What is Grammar? (သဒ္ဒါဆိုတာ ဘာလဲ)**

Grammar ဆိုတာ ဘာသာစကားတစ်ခုကို အသုံးပြုရာမှာ တစ်ဖက်လူ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်စေဖို့ စကားလုံး၊ စကားစု၊ ပုဒ်စု စတာတွေကို အသုံးအနှုန်း၊ အထားအသို မှန်ကန်စွာနဲ့ စနစ်တကျ ဖော်ပြနိုင်ဖို့အတွက် ပြောဆို၊ ရေးသားရာတွင် လိုက်နာရမည့် နည်းဥပဒေသ ဖြစ်ပါတယ်။

11. **Eight Parts of Speech (ဝါစင်္ ၈ မျိုး)**

(1) **Noun :** လူ၊ တိရစ္ဆာန်၊ နေရာ၊ အရာဝတ္ထုတို့ရဲ့ နာမည်တွေကို **Noun (နာမ်)** လို့ ခေါ်ပါတယ်။
(2) **Pronoun :** နာမ်နေရာတွင် အစားသုံးခြင်းခံရတဲ့ ပုဒ်တွေကို **Pronoun (နာမ်စား)** လို့ ခေါ်ပါတယ်။ I, We, You, They, He, She, It တို့ ဖြစ်ပါတယ်။
(3) **Adjective:** နာမ်တစ်လုံးကို ပိုမိုလေးနက်အောင် အထူးပြုပေးတဲ့ စကားလုံးကို **Adjective (နာမဝိသေသန)** လို့ခေါ်ပါတယ်။ ဥပမာ - a <u>**beautiful**</u> girl, a <u>**broken**</u> chair, an <u>**expensive**</u> car
(4) **Verb:** ပြုမူဆောင်ရွက်ခြင်း၊ ရှိခြင်း၊ ဖြစ်ခြင်း တို့ကို ပြသော စကားလုံးကို **Verb (ကြိယာ)** လို့ခေါ်ပါတယ်။ ဥပမာ- am, is, are, has, have, had, go, swim, …etc.
(5) **Adverb:** ကြိယာ၊ နာမဝိသေသနနဲ့ အခြားသော ကြိယာဝိသေသနတစ်လုံးကို ပိုမိုအဓိပ္ပာယ်လေးနက်အောင် အထူးပြုပေးတဲ့ စကားလုံးကို **Adverb (ကြိယာဝိသေသန)** လို့ခေါ်ပါတယ်။
(6) **Preposition:** အချိန်ပြ၊ နေရာပြစကားလုံးတွေကို **Preposition (ဝိဘတ်)** လို့ခေါ်ပါတယ်။ (နာမ်၊ နာမ်စားတွေရဲ့ အရှေ့မှာ ထားရေးရပါတယ်။)
(7) **Conjunction:** စကားလုံး၊ စကားစု၊ ဝါကျတို့ကို ဆက်စပ်ပေးသော စကားလုံးကို **Conjunction (သမ္ဗန္ဓ/ စကားစပ်)** လို့ ခေါ်ပါတယ်။
(8) **Interjection:** ရုတ်တရက် ထွက်ပေါ်လာသော ခံစားချက် (အသံ) ကို **Interjection (အာမေဍိတ်)** လို့ခေါ်ပါတယ်။

**(လာမည့်တစ်ပတ်တွင် Noun အမျိုးအစားများကို လေ့ကျင့်ခန်းနှင့်တကွ ရှင်းလင်းဖော်ပြသွားပါမည်။)**

## Basic Writing Patterns

(ဒီတစ်ပတ်မှာ Verb to be ကို အသုံးပြုပြီးရေးသားနိုင်တဲ့ စာရေးနည်းပုံစံများကို ဖော်ပြသွားမှာဖြစ်ပါတယ်။)

**Chapter (1)** **Verb to be**

1. Writing with Verb to be

(a) Subject (be) Complement (noun)
(b) Subject (be) Complement (adj)
(c) Subject (be) Name
(d) Subject (be) Country/ Nationality
(e) Subject (be) Age
(f) Subject (be) Emotions
(g) Subject (be) jobs
(h) Subject (be) Place * one word prepositions
• prepositional phrase
(i) Subject (be) from___place___
(j) There is/are/was/were/will be/ has/have been….
(k) It is **time/weight/weather/day/ distance**
(l) It is **adjective** to V1/ that clause…
(m) Sub (be) **adjective**
(n) Sub (be) Comparison of Adjective

*********************

## Verb to be

| **Present (ယခု)** | **Past (အတိတ်)** | **Future (အနာဂတ်)** |
|---|---|---|
| am, is, are | was, were | will be |

**Present Tense (ယခု)**
**am** ကို **Subject I** နဲ့တွဲရေးရသည်။
**is** ကို **Subject အနည်းကိန်း** နဲ့တွဲရေးရသည်။
**are** ကို **Subject အများကိန်း** နဲ့တွဲရေးရသည်။

e.g.

| | |
|---|---|
| <u>**I am**</u> **a student.** | <u>**She is**</u> **a student.** |
| <u>**We are**</u> **students.** | <u>**It is a**</u> **parrot.** |
| <u>**You are**</u> **a student.** | <u>**Ko Ko is**</u> **a student.** |
| <u>**You are**</u> **students.** | <u>**Ma Ma is**</u> **a student.** |
| <u>**They are**</u> **students.** | <u>**Ko Ko and Ma Ma are**</u> **students.** |
| <u>**He is**</u> **a student.** | |

**Verb to be + Noun (ဖြစ်သည်) ဝါကျများရေးဖွဲ့နည်း**




(a) **Subject + Verb to be + Noun**

e.g. (1) **ကိုကိုသည် ဆရာဝန်တစ်ဦး ဖြစ်သည်။**

| Sub | Noun | Verb to be |
|---|---|---|
| Ko Ko | a doctor | is. |

အဖြေမှန် - Ko Ko is a doctor.

| Sub | Verb to be | Noun |
|---|---|---|

e.g. (2) **မောင်မောင်သည် အဆိုတော် တစ်ယောက် ဖြစ်သည်။**

| Sub | Noun | Verb to be |
|---|---|---|
| Maung Maung | a singer | is. |

အဖြေမှန် - Maung Maung is a singer.

| Sub | Verb to be | Noun |
|---|---|---|

စာမျက်နှာ ၂၁ သို့ ❖

❖ စာမျက်နှာ ၂၀ မှ

**e.g. (3) သူတို့သည် ကျောင်းသားများ ဖြစ်ကြသည်။**

| | | |
|---|---|---|
| Sub | Noun | Verb to be |
| They | students | are. |
| အဖြေမှန် – They | are | students. |
| Sub | Verb to be | Noun |

Exercise (1)

**Verb to be ကို အသုံးပြုပြီး အောက်ပါရိုးရိုးဝါကျများကို အင်္ဂလိပ်လိုရေးပါ။**

၁။ ကိုကိုသည် ဆရာဝန်တစ်ဦး ဖြစ်သည်။ (a doctor)
၂။ ဇော်ဇော်သည် လေယာဉ်မှူးတစ်ယောက် ဖြစ်သည်။ (a pilot)
၃။ မမသည် ဆရာမတစ်ဦး ဖြစ်သည်။ (a teacher)
၄။ ခင်ခင်သည် သူနာပြုတစ်ယောက် ဖြစ်သည်။ (a nurse)
၅။ လင်းလင်းသည် ကားမောင်းသမားတစ်ဦး ဖြစ်သည်။ (a driver)
၆။ မင်းမင်းသည် အစိုးရဝန်ထမ်းတစ်ဦး ဖြစ်သည်။ (a government staff)
၇။ ဒေါ်လေးသည် ဈေးသည်တစ်ဦး ဖြစ်သည်။ (a shopkeeper)
၈။ ထိုဟာသည် သင်္ဘောသီးတစ်လုံးဖြစ်သည်။ (a papaya)
၉။ သူတို့သည် သရက်သီးများ ဖြစ်ကြသည်။ (mangoes)
၁၀။ ကျွန်တော်တို့သည် ရုပ်ရှင်သရုပ်ဆောင်များ ဖြစ်ကြသည်။ (film stars)

Keys to Exercise (1)

1. Ko Ko is a doctor. 2. Zaw Zaw is a pilot. 3. Ma Ma is a teacher. 4. Khin Khin is a nurse. 5. Lin Lin is a driver. 6. Min Min is a government staff. 7. Daw Lay is a shopkeeper. 8. It is a papaya. 9. They are mangoes. 10. We are film stars. (ဆက်လက်ဖော်ပြပါမည်။)

*******************

(ဒီတစ်ပတ်မှာ Grade 10, 11, 12 ပြဋ္ဌာန်းစာအုပ်ပါ Grammar patterns များကို Grade နှင့် Unit အလိုက် ဖော်ပြသွားမှာဖြစ်ပါတယ်။)

Grade 10

UNIT 1 LANGUAGE

NOUNS IN APPOSITION (ဂုဏ်ရည်တူနာမ်များ ယှဉ်တွဲဖော်ပြခြင်း)

Nouns in Apposition ဆိုတာ နာမ်တွေကို (,) ကော်မာခံပြီး အထူးပြုရေးတာလို့ မှတ်သားထားပါ။

ဥပမာ။ U Ba is a teacher. He goes to school.

Verb to be ပါတဲ့ ဝါကျကို ဖြုတ်ဆက်ဝါကျ၊ Main Verb ပါတဲ့ဝါကျကို မူတည်ဝါကျလို့ သတ်မှတ်ပါ။ U Ba is a teacher ဝါကျက ဖြုတ်ဆက်ဝါကျဖြစ်ပြီး He goes to school ဝါကျကမူတည်ဝါကျဖြစ်ပါတယ်။ ဖြုတ်ဆက်ဝါကျကို Verb to be ရောက်တဲ့အထိ ဖြုတ်ပါ။ a teacher ဆိုတဲ့ ဂုဏ်ပုဒ်ကျန်ပါမယ်။ အဲဒီဂုဏ်ပုဒ်ကို မူတည်ဝါကျရဲ့ သက်ဆိုင်တဲ့နာမ်အနားမှာ (,) ကော်မာခံပြီး ကပ်ရေးရပါတယ်။ ဒီတော့ အဖြေက

U Ba, a teacher, goes to school. ဆရာတစ်ယောက်ဖြစ်တဲ့ ဦးဘ ကျောင်းသွားတယ် ဆိုပြီး အဓိပ္ပာယ်ရသွားတာပေါ့။

e.g. U Ba is a teacher. He goes to school.
U Ba, a teacher, goes to school.

နောက်ထပ်ဥပမာတစ်ခု ကြည့်ပါဦး။

ဥပမာ။ We live in Nay Pyi Taw. It is the capital city of Myanmar.

ဒီဝါကျနှစ်ကြောင်းမှာ ဘယ်ဝါကျက ဖြုတ်ဆက်ဝါကျလဲ။ Verb to be ပါတဲ့ It is the capital city of Myanmar ဝါကျက ဖြုတ်ဆက်ဝါကျဖြစ်ပါတယ်။ We live in Nay Pyi Taw ဝါကျက မူတည်ဝါကျပေါ့။

ဒီတော့ ဖြုတ်ဆက်ဝါကျကို Verb to be ရောက်တဲ့အထိ ဖြုတ်လိုက်ပါ။ ဒါဆို the capital city of Myanmar ဆိုတဲ့ ဂုဏ်ပုဒ်ကျန်ပါတယ်။ အဲဒီဂုဏ်ပုဒ်ကို သူ့ရဲ့ သက်ဆိုင်တဲ့ နာမ်အနားမှာ (,) ကော်မာခံပြီး ကပ်ရေးပါမယ်။ သူ့ရဲ့ သက်ဆိုင်တဲ့နာမ်က ဘယ်ဟာဖြစ်သလဲဆိုတော့ Nay Pyi Taw ဖြစ်ပါတယ်။ ဒါကြောင့် အဖြေက We live in Nay Pyi Taw, the capital city of Myanmar. ဆိုပြီးဖြစ်ပါတယ်။

e.g. We live in Nay Pyi Taw. It is the capital city of Myanmar.
We live in Nay Pyi Taw, the capital city of Myanmar.

(ဒီနေရာမှာ ဂုဏ်ပုဒ်ရဲ့ သက်ဆိုင်တဲ့နာမ်က ဝါကျရဲ့ နောက်ဆုံးမှာ ရောက်နေတယ်။ ဒါဆို (,) ကော်မာ တစ်လုံးပဲ ခံရေးရမယ်ဆိုတာ သတိပြုပါ။)

Exercise (1)

1. Ko Maung is a driver. He drives carefully.
2. Sandar is a singer. She listens to music.
3. We live in Nay Pyi Taw. It is the capital city of Myanmar.
4. Maung Gyi spends much money on clothes. He is our neighbour.
5. Swe Swe wants to be a scientist. She is the daughter of our class teacher.

**နောက်ထပ်ပုံစံတစ်မျိုးကို ဆက်လေ့လာပါ။**

ပေးထားတဲ့ဝါကျမှာ လူက တစ်ယောက်တည်းဖြစ်ပြီး ဂုဏ်ပုဒ်က နှစ်ခုဖြစ်နေရင် ဂုဏ်ပုဒ်နှစ်ခုကို and နဲ့ဆက်ပေးရပါတယ်။ ဒါပေမယ့် and ရဲ့အနောက်မှာ a/an/the ထည့်ရေးလို့မရပါ။ ဥပမာ လေ့လာကြည့်ပါ။

ဥပမာ။ Sai Sai is a singer. He is also a writer. He appears in this film.

ဒီဝါကျသုံးကြောင်းမှာ Verb to be ပါတဲ့ဝါကျက နှစ်ကြောင်းဖြစ်နေပါတယ်။ ဒီတော့ အဲဒီဖြုတ်ဆက်ဝါကျနှစ်ကြောင်းကို Verb to be ရောက်တဲ့အထိ ဖြုတ်လိုက်တော့ ဂုဏ်ပုဒ်နှစ်ခုထွက်လာပါတယ်။ a singer နဲ့ a writer ဖြစ်ပါတယ်။ ဂုဏ်ပုဒ်က နှစ်ခုဖြစ်ပြီးတော့ လူကတစ်ယောက်တည်းဖြစ်တဲ့အတွက် ဂုဏ်ပုဒ်နှစ်ခုကို and နဲ့ဆက်ပေးရမှာဖြစ်ပါတယ်။ ဒါပေမယ့် and ရဲ့အနောက်မှာ a/ an / the ပြန်ထည့်လို့ မရပါ။ အဲတော့ အဖြေက Sai Sai, a singer and writer, appears in this film. ဆိုပြီး ဖြစ်သွားပါတယ်။

e.g. Sai Sai is a singer. He is also a writer. He appears in this film.

Sai Sai, <u>a singer and writer</u>, appears in this film. (ရေးနည်းမှန်)

ဒီလိုတော့ရေးလို့မရဘူးဆိုတာ မှတ်ထားပါ။

Sai Sai, <u>a singer and a writer</u>, appears in this film. (ရေးလို့မရ) (and ရဲ့အနောက်မှာ a / an / the ထည့်ရေးရင် လူက နှစ်ယောက်ဖြစ်သွားပါလိမ့်မယ်။ အဆိုတော် စိုင်းစိုင်းနဲ့ စာရေးဆရာတစ်ယောက် ဆိုပြီး လူနှစ်ယောက်ဆိုတဲ့ အဓိပ္ပာယ်ထွက်သွားပါလိမ့်မယ်။)

**နောက်ထပ်ပုံစံတစ်မျိုးကို ဆက်လေ့လာပါ။**

လူကနှစ်ယောက် ဂုဏ်ပုဒ်က နှစ်ခုဆိုရင်တော့ ဂုဏ်ပုဒ်နှစ်ခုကို and နဲ့ဆက်၊ and ရဲ့အနောက်မှာ a / an / the ပြန်ထည့်ပေးရပါမယ်။

ဥပမာ။ Ko Gyi is a university student. Nyi Lay is a G 10 student. They play football together.

ဒီဝါကျမှာ လူက နှစ်ယောက်၊ ဂုဏ်ပုဒ်ကလည်း နှစ်ခု ဖြစ်နေပါတယ်။ Ko Gyi ရဲ့ဂုဏ်ပုဒ်က a university student ညီလေးရဲ့ ဂုဏ်ပုဒ်က a G 10 student ဖြစ်ပါတယ်။ အဲဒီတော့ အဖြေက

Ko Gyi, a university student and Nyi Lay, a G 10 student, play football together. ဆိုပြီး ဖြစ်သွားပါတယ်။ နောက်ထပ်ပုံစံတစ်မျိုးရေးမယ်ဆိုရင်

Ko Gyi and Nyi Lay, a university student and a G 10 student, play football together. ဆိုပြီးရေးလို့ရပါတယ်။ ပုံစံနှစ်မျိုးစလုံးကို မှတ်သားထားပါ။

e.g. Ko Gyi is a university student. Nyi Lay is a G 10 student. They play football together.

ပုံစံ (၁) Ko Gyi, a university student and Nyi Lay, a G 10 student, play football together.

ပုံစံ (၂) Ko Gyi and Nyi Lay, a university student and a G 10 student, play football together.

**နောက်ထပ်ပုံစံတစ်မျိုးကို ဆက်လေ့လာပါ။**

ဝါကျအားလုံးမှာ Verb to be တွေပါလာရင်တော့ Verb to be နဲ့ Noun နဲ့တွဲထားတဲ့ ဝါကျကိုသာ ဖြုတ်ဆက်ဝါကျလို့ မှတ်ယူရမှာဖြစ်ပါတယ်။

ဥပမာ။ Yadanar <u>is a model</u>. She <u>is singing</u> a song.

ဒီဝါကျနှစ်ကြောင်းမှာ Verb to be တွေပါနေပါတယ်။ ဒီတော့ verb to be နဲ့ noun နဲ့တွဲတဲ့ဝါကျကို ဖြုတ်ဆက်ဝါကျလို့ မှတ်ယူရပါမယ်။ Yadanar is a model ဆိုတဲ့ဝါကျက ဖြုတ်ဆက်ဝါကျဖြစ်ပါတယ်။ ဘာလို့ဆိုရင် a model က noun ဖြစ်လို့ ဖြစ်ပါတယ်။ singing a song က am, is, are + Ving (Continuous tense) ဖြစ်ပါတယ်။ အဲဒီတော့ အဖြေက Yadanar, a model, is singing a song. ဆိုပြီး ဖြစ်သွားပါတယ်။

e.g. Yadanar is a model. She is singing a song.
Yadanar, a model, is singing a song.

e.g. Daw Lay is our aunt. She is strict in disciplines.
Daw Lay, our aunt, is strict in disciplines.

e.g. Khin Khin is pretty. She is a clever student.
Khin Khin, a clever student, is pretty.

e.g. Maung Maung was punished by the teacher. He is our friend.
Maung Maung, our friend, was punished by the teacher.

Exercise (2)

**Combine the two sentences, using nouns in apposition.**

1. Myanmar is the second largest city in Southeast Asia. It is known as the land of pagodas.
2. U Tun Tun is our English teacher. He is a very strict person.
3. Aung Aung won many prizes. He is the best footballer in our school.
4. An excuse may or may not be true. It is a reason for an apology.
5. Jack was born in Finland. Finland is the land of a thousand lakes.
6. Elvis Presley was a very popular singer. He was referred to as the "King of Rock and Roll".
7. We will spend our vacation at Ngapali Beach. It is the most beautiful beach in our country.
8. William Henry Gates was born in Washington. He is the principal founder of Microsoft.
9. I like spaghetti. It is an Italian dish with noodles and sauce.
10. My childhood home is just down the road. It is an old wooden house.

*****************

Keys to Exercise (1) 1. Ko Maung, a driver, drives carefully. 2. Sandar, a singer, listens to music. 3. We live in Nay Pyi Taw, the capital city of Myanmar. 4. Maung Gyi, our neighbour, spends much money on clothes. 5. Swe Swe, the daughter of our class teacher, wants to be a scientist.

Exercise (2) 1. Myanmar, the second largest city in Southeast Asia, is known as the land of pagodas. 2. U Tun Tun, our English teacher, is a very strict person. 3. Aung Aung, the best footballer in our school, won many prizes. 4. An excuse, a reason for an apology, may or may not be true. 5. Jack was born in Finland, the land of a thousand lakes. 6. Elvis Presley, a very popular singer, was referred to as the "King of Rock and Roll". 7. We will spend our vacation at Ngapali Beach, the most beautiful beach in our country. 8. William Henry Gates, the principal founder of Microsoft, was born in Washington. 9. I like spaghetti, an Italian dish with noodles and sauce. 10. My childhood home, an old wooden house, is just down the road.

*******************

**အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။**

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄)ခရိုင်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(၃၄) ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။

အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ




### (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

### (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ(Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology)နှင့် စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင်တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၆)နှစ်တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ်(၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ(AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်းအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူ ရရှိစေမည်ဖြစ်ပါသည်။

### (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့်အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ်(Diploma in Agriculture) (၃)နှစ်သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) သင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့ လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

### (၄) မွေးမြူရေးအတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | တနင်္သာရီ | ၂ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |

စာမျက်နှာ ၂၃ သို့ ✧

✧ စာမျက်နှာ ၂၂ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၃ | ပဲခူး(အရှေ့) | ၃ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက- ပဲနွယ်ကုန်း |
| ၄ | ပဲခူး(အနောက်) | ၄ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက- သဲကုန်း |
| ၅ | မကွေး | ၅ | ချောက် | ချောက် | ချောက် | အထက- ငွေးချို |
| ၆ | မန္တလေး | ၆ | မဟာ အောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၇ | အမရပူရ | အမရပူရ | အမရပူရ | အထက- ပလစ(၂) |
| | | ၈ | တံတားဦး | တံတားဦး | တံတားဦး | အထက- တံတားဦး |
| | | ၉ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| | | ၁၀ | ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် | အထက(ခွဲ) အလက-၁ |
| ၇ | မွန် | ၁၁ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက- ရွာလွတ်၊ ချောင်းဆုံ |
| | | ၁၂ | ကျိုက်ထို | ကျိုက်ထို | ကျိုက်ထို | အထက(၂) |
| ၈ | ရခိုင် | ၁၃ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၄ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၉ | ရန်ကုန် | ၁၅ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၆ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက- တိုက်ကြီး |
| | | ၁၇ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၈ | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | အထက-သုဝဏ္ဏ |
| | | ၁၉ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၀ | သန်လျင် | သန်လျင် | သန်လျင် | အထက-ဖားကူး |
| | | ၂၁ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၀ | ရှမ်း(တောင်) | ၂၂ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၃ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁) ပင်လုံ |
| | | ၂၄ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| | | ၂၅ | လင်းခေး | လင်းခေး | လင်းခေး | အထက(ဝမ်ဟတ်) |
| ၁၁ | ရှမ်း(ရှေ့) | ၂၆ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၇ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| | | ၂၈ | မိုင်းယောင်း | မိုင်းယောင်း | မိုင်းယောင်း | အလက(တပ်တွင်း) |
| ၁၂ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂) ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက-နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက-ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၃ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက-ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

# ပွင့်ဖြူမြို့နယ်၌ စားတော်ပဲစိုက်ခင်းများ ယခင်နှစ်ကထက် သီးနှံအထွက်နှုန်းကောင်းမွန်

ပွင့်ဖြူ မတ် ၁၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်အတွက် စိုက်ပျိုးထားရှိသည့် စားတော်ပဲစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းပြီး အသီးများရင့်မှည့်လာပြီဖြစ်၍ ဒေသခံတောင်သူများက နွေသီးနှံပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လှိုင်လှိုင်ရိတ်သိမ်းခြွေလှေ့နေကြကြောင်း သိရကာ ယခင်နှစ်ကထက် သီးနှံအထွက်နှုန်းများလည်း ပိုမိုကောင်းမွန်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ ၃၁၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၃၁၉၂ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။ ယခုအခါ ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားရေးအတွက် အားထားစိုက်ပျိုးခဲ့သည့် စားတော်ပဲသီးနှံစိုက်ခင်းများမှာ ရိတ်သိမ်းခြွေလှေ့ချိန် ရောက်ရှိလာပြီဖြစ်၍ ဖေဖော်ဝါရီလ တတိယပတ်မှစပြီး ရိတ်သိမ်းခြွေလှေ့ခဲ့ရာ ယနေ့အထိ ဧက ၆၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ ပဲမျိုးစုံသီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ဖို့နဲ့ စားရေရိက္ခာဖူလုံစေဖို့အတွက် ရည်ရွယ်ပြီး တစ်မြို့နယ်လုံး စားတော်ပဲသီးနှံစိုက်ဧက ၃၁၈၅ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ မြေပြင်စိုက်ပျိုးနိုင်မှုဧက ၃၁၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းသီးနှံစားတော်ပဲကို ဒေသခံတောင်သူတွေက နိုဝင်ဘာလမှ စတင်စိုက်ပျိုးခဲ့တာဖြစ်ပြီး အောင်မြင်ဖြစ်ထွန်းမှုလည်း ရှိပါတယ်။ ယခုဆိုရင် စားတော်ပဲသီးနှံစိုက်ခင်းတွေက ရိတ်သိမ်းခြွေလှေ့လို့ရပြီဖြစ်တာကြောင့် ဒေသခံတောင်သူတွေက နွေသီးနှံပြန်လည်စိုက်ပျိုးဖို့အတွက် လှိုင်လှိုင်ရိတ်သိမ်း ခြွေလှေ့နေကြပါတယ်။ သီးနှံအထွက်နှုန်းအနေနဲ့ဆိုရင် တစ်ဧကကို ပျမ်းမျှ တင်း ၂၀ ခန့် ထွက်ရှိပါတယ်။ သီးနှံဈေးနှုန်းကလဲ ပေါ်ဦးပေါ်ဖျားမှာ စားတော်ပဲသီးနှံ တစ်တင်းကို ငွေကျပ် ၁၀၁၀၀၀ ဈေးနဲ့ ရောင်းချနေရပါတယ်။ ဒေသခံတောင်သူတွေကိုလည်း စားတော်ပဲသီးနှံ ရိတ်သိမ်းခြွေလှေ့မှုနဲ့ ပတ်သက်ပြီး သီးနှံလေလွင့်ဆုံးရှုံးမှုမရှိစေဖို့ လိုအပ်တဲ့ သီးနှံရိတ်သိမ်း ခြွေလှေ့နည်းတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးထားပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် နှစ်စဉ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဈေးကွက်ရှိသည့် စားတော်ပဲ၊ ကုလားပဲ၊ မတ်ပဲ၊ ထောပတ်ပဲ၊ ပဲယဉ်း၊ ပဲကြီး၊ ပဲလွမ်း စသည့် ပဲမျိုးစုံသီးနှံများကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့စိုက်ပျိုးရာ၌ အချို့တောင်သူများက ပဲမျိုးစုံသီးနှံအား သီးသန့်စိုက်ပျိုးကြသကဲ့သို့ နှစ်သီးစားဝင်ငွေရရှိရေးအတွက် အခြားသီးနှံများနှင့် ရောနှော၍ သီးထပ်သီးညှပ်စိုက်ပျိုးကြကြောင်း သိရသည်။ ယခုနှစ်တွင် သီးနှံဝင်ငွေတိုးပွားရေးအတွက် စိုက်ပျိုးခဲ့သည့် စားတော်ပဲသီးနှံစိုက်ခင်းများမှာ ပိုးမွှားကျရောက်မှု မရှိသည့်အတွက် အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ယခင်နှစ်ကထက် သီးနှံအထွက်နှုန်းများ ကောင်းမွန်ခဲ့သည့်အပြင် ရောင်းချရာတွင်လည်း ဈေးကောင်းရရှိ၍ ဒေသခံတောင်သူများ သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



# ဝါးခယ်မမြို့နယ်ရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၁၉ သင်းသို့ စိုက်ပျိုးရေးသွင်းအားစုများ ဖြန့်ဖြူးပေးအပ်

ဝါးခယ်မ မတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ ဆီထွက်သီးနှံ(မြေပဲ)စိုက်ပျိုးသည့် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၁၉ သင်းမှ အသင်းသား ၂၀၈ ဦး၏ မြေပဲသီးနှံ ဧက ၄၂၀ အတွက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှင့် ညီမျှသော သွင်းအားစုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၁၂၆၀ ပံ့ပိုးပေးအပ်သည့်အခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ၎င်းအသင်းများမှ အမှုဆောင်များ တက်ရောက်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




၈-၃-၂၀၂၄ ရက်မှအဆက်

တက္ကသိုလ်ရောက်၍သာ တက္ကသိုလ်ကျောင်းသား တက္ကသိုလ်ကျောင်းသူများ ဖြစ်လာရပေမယ့် ကျွန်တော်တို့မှာ တက္ကသိုလ်၏သဘာဝကို ဘာမှသိကြသည်မဟုတ်သေး။

အထက်တန်းကျောင်းကလိုပင် ဆရာဝင်မလာမီ အတန်းထဲတွင်ထိုင်၍ တောင်ပြော မြောက်ပြော လုပ်နေကြသည်။ အနီးအနားလူများနှင့် စကားရှာ၍ မိတ်ဆွေဖွဲ့ကြ၊ မျက်မှန်းတန်းမိသူများ၊ သိပြီးသူများနှင့်ဆိုလည်း အတွေ့အကြုံသစ်များ ဖလှယ်ကြ၊ ရှေးဖြစ်ဟောင်းများပြောကြနှင့် ထင်ရာလုပ်နေကြ၏။ တချို့ကလည်း တောင်တွေးမြောက်တွေးနှင့်။

ထိုစဉ် အတန်းထဲသို့ ဆရာ ဖြုန်းခနဲဝင်လာလိုက်သောအခါ ငယ်ကျင့်အတိုင်း ကမန်းကတန်း ထရပ်ကြသည်။ တချို့က မင်္ဂလာပါဆရာဆိုသော စကားပင် တစ်ဝက်တစ်ပျက် ဆိုပြီးနေကြပြီ။

တက္ကသိုလ်မှာက သည်ထုံးစံ မရှိ။ ထို့ကြောင့် အကြောင်းသိများ၊ နှစ်ကျများနှင့် အခန်းအပြင်ဘက်မှနေ၍ ကျောင်းသူသစ်များကို မျက်စိအားဆေးကျွေးနေကြသည့် ကိုယ်တော်ကြီး၊ ကိုယ်တော်လတ်တို့က ဝိုင်းဟားသည်။

သည်အဖြစ်သည် ကျောင်းစတက်ပြီး သုံး၊ လေးရက်ရှိသည်အထိ မပျောက်သေး။ တစ်ခါမဟုတ် တစ်ခါတော့ ဖြစ်နေသေးသည်။

နောက်ပိုင်း ဟားသူများထဲတွင် စောစောပိုင်း ရှက်ပြီးသားသူများလည်း ပါ၏။ ငယ်ကျင့်ဆိုသည်မှာ ပျောက်နိုင်ခဲပါသည်။ သူငယ်တန်းမှစ၍ တစ်ဆယ့်သုံးလေးနှစ်လောက်ရလာခဲ့သော အကျင့်ကို ဖြုန်းစားကြီးဖျောက်ရန် ခက်လှသည်။

ယခုလည်း ဆရာဝင်လာခိုက် တချို့တစ်ဝက်က မတ်တတ်ထရပ်လိုက်သဖြင့် တစ်ခန်းလုံးရယ်သံများ ဆူညံသွားဖြစ်သည်။

ဝေါခနဲရယ်သံ၏အနက်ကို ဆရာက ရိပ်မိသည်။ ဆရာကပါ ရောရယ်လိုက်သည်။ ရယ်သံများရပ်သွားမှ ဆရာက တည်ငြိမ်သောလေသံဖြင့် စကားစ၏။

"အေးကွာ၊ မင်းတို့ ဘာဖြစ်တယ်ဆိုတာ ဆရာ သဘောပေါက်ပါတယ်။ ဒီအဖြစ်မျိုးတွေက ဆန်းတော့မဆန်းပါဘူး။ နှစ်တိုင်းနှစ်တိုင်း နှစ်စမှာ တွေ့နေကျပါပဲ။ ရယ်တော့ ရယ်စရာပေါ့ကွာ၊ ငကြောင်ကြီးတွေဖြစ်သွားတာကိုး"

ရယ်သံတချို့ ပေါ်လာသည်။

"အမှန်တော့ ဒါဟာ ရယ်စရာမဟုတ်ဘူး တပည့်တို့၊ ဆရာပြောမယ်၊ မင်းတို့ သေသေချာချာ သဘောပေါက်အောင် စဉ်းစားကြည့်၊ ဒီကိစ္စလေးဟာ တကယ်တော့ လွမ်းစရာလေးတွေကွ"

ဆရာ၏အောင်မြင်သော အသံအောက်တွင် ကျောင်းသား ကျောင်းသူများ ငြိမ်သွားသည်။ မျက်နှာချိုချိုဖြင့် သဘောကောင်းဟန်ရှိသော ဆရာက စကားဆက်၏။

"ဆရာဆိုရင် ဒီလိုမျိုး မင်္ဂလာပါဆိုဖို့ ထရပ်တဲ့ ကျောင်းသားသစ်တွေရဲ့ အဖြစ်ကိုမြင်တိုင်း ရင်ထဲမှာ လှပ်ခနဲ တုန်ခါသွားတယ်"

ကျောင်းဆရာလည်းဖြစ်၊ စာရေးဆရာလည်းဖြစ်သော ဆရာ၏စကားလုံးနှင့် လေသံများက တဖြည်းဖြည်း ဆွေးရိပ်လွှမ်းလာသည်။

"လွမ်းစရာတစ်ခုက ဩော်. . . ငယ်ငယ်က တမွန်တမြတ်ထိန်းသိမ်းခဲ့တဲ့ အလေ့အကျင့်ကောင်းလေးတစ်ခုဟာ ပျက်သွားတော့မှာပါလား ဆိုတဲ့အသိ၊ နောက်လွမ်းစရာတစ်ခုက တို့များဟာ ဟိုးငယ်စဉ်ကတည်းက အတူနေလာခဲ့တဲ့ ငယ်ကျောင်း၊ ငယ်ဆရာ၊ ငယ်ဆရာမတွေ၊ ငယ်သူငယ်ချင်းတွေ၊ ငယ်စာတွေနဲ့ ဝေးခဲ့ပါပြီကောဆိုတဲ့အသိပဲ"

ကျွန်တော့်ရင်ထဲတွင်လည်း ဆရာပြောသည့်နည်းတူ လှုပ်ခါလာသည်။

"ပြီးတော့ တို့ဟာ အင်မတန်ချစ်စရာကောင်းတဲ့ ငယ်ဘဝလေးတွေကို ထားခဲ့လိုက်ရပြီ။ ပျော်စရာငယ်ဘဝလေးတွေ ကုန်ဆုံးသွားပြီ။ ဒီဘဝလေးတွေကို ဘယ်တော့မှ ပြန်မရနိုင်တော့ပါလားလို့လည်း သတိပြုမိရော ကြောက်လန့်တကြားနဲ့ ချောက်ချောက်ချားချားလေး လွမ်းလာမိတယ်"

အားလုံး၏မျက်နှာတွင် အရိပ်တစ်မျိုးကို တွေ့လိုက်ရ၏။

"အမှန်တော့ တက္ကသိုလ်ဆိုတာ လူကြီးဖြစ်ဖို့ အစပျိုးပေးလိုက်တဲ့နေရာပဲ"

ဆရာ့စကားများ ရင်ထဲတွင် ပဲ့တင်ထပ်သွားသည်။

"ဒီတော့ လွမ်းစရာဆိုတာကတော့ လွမ်းတတ်ရင် ရှိနေတာပဲမို့ အလွမ်းရှုထောင့်ကချည်း ကြည့်ရင်လည်း ဘဝအမြင်ဟာ မမှန်နိုင်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ တို့များ တက္ကသိုလ်ရောက်ဖို့ ကြိုးစားလာခဲ့ရတာလေးတွေလည်း ပြန်တွေးကြည့်ပေါ့။ ဘယ်သူများ တက္ကသိုလ်ကို လွယ်လွယ်လေးနဲ့ ရောက်လာခဲ့လို့လဲ"

ဆရာ့စကားကြောင့် ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရသည်။

"တချို့က ဘဝအခြေအနေကောင်းလို့ စာကြိုးစားရုံသက်သက် ရောက်လာခဲ့ရတယ်။ ဒါလည်း လွယ်လွယ်လေးလို့ ပြောလို့မရဘူး။ တချို့ကျတော့ စာကြိုးစားရုံတင် မဟုတ်ဘူး၊ ဘဝရဲ့ မြားမြောင်လှတဲ့ အဆီးအတားတော်တော်များများကို ဖြတ်သန်းပြီးမှ တက္ကသိုလ်ရောက်လာခဲ့ရတာ"

ဆရာ၏စကားမြားဦးသည် တခြားလူများဆီကိုတော့ မသိ။ ကျွန်တော့်ရင်ထဲဆီသို့ကား တန်းတန်းမတ်မတ်နှင့် နက်နက်ရှိုင်းရှိုင်း လာရောက်ထိမှန်သည်။

ပျံ့ထွက်သွားသော အတွေးစတွင် အမေ့မျက်နှာက ဦးစွာထင်လာ၏။

"သားကိုတော့ တက္ကသိုလ်ပို့ဖြစ်အောင် ပို့ရမယ်သား"

ထိုစကားကို ဆိုစဉ်က အမေ့မျက်လုံးအိမ်တွင် မျက်ရည်စများ ဝဲနေခဲ့၏။

"အမေ့ဘဝမှာ နောက်ဆုံးမျှော်လင့်အားထားတာဆိုလို့ ဒါပဲရှိတော့တယ်"

မျက်ရည်များကြားမှ ပြုံးလိုက်သော အမေ့အပြုံးသည် ကျွန်တော့်ရင်ကို ထိခိုက်စေ၏။

လူ့ဘဝတွင် ဘယ်သောအခါမှ ပြန်၍တွေ့ဆုံရတော့မည်မဟုတ်သော အဖေ့မျက်နှာကို ဖျတ်ခနဲမြင်ယောင်သည်။ အမေသည် အဖေဖြစ်သွား၍ အဖေပျောက်သွားသောအခါ အမေ့ကို ပြန်မြင်သည်။

"ခုဆို သား ဆယ်တန်းအောင်ပြီ။ သတင်းစာတွေထဲကလို ဂုဏ်ထူး လေး၊ ငါး၊ ခြောက်ခု မပါဘူးပဲထား၊ ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီး မဖြစ်ဘူးပဲထား။ တို့ရွာလေးမှာဆို သားအနေနဲ့ ဂုဏ်ယူထိုက်တဲ့ကျောင်းသားတစ်ယောက်တော့ ဖြစ်နေပါပြီ"

အမေ့စကားအဆုံးတွင် စာမေးပွဲအောင်စာရင်းထွက်စဉ်က ကျွန်တော့် အမည်ဘေးတွင် ယှဉ်တွဲပါလာသော "မာ"ဆိုသည့် စာလုံးလေးကို ပြေးမြင်လိုက်မိသည်။

ကျွန်တော်တို့ရွာကလေး အတိုင်းအတာနှင့်သာ ကြည့်မည်ဆိုပါက သုံး၊ လေး၊ ငါးယောက်သာ အောင်စာရင်းတွင် အမည်ချိတ်နိုင်၏။ ထိုအထဲတွင် ဆယ်တန်းကို နှစ်ချင်းပေါက် ဂုဏ်ထူးတစ်ဘာသာ၊ မြန်မာစာနှင့် အောင်သည်ဆိုသော အဆင့်မှာ သိပ်အသေးလေး မဟုတ်။

သို့သော် ဒါကြောင့်ချည်း မဟုတ်။

ဆယ်တန်းအောင်လျှင် နှစ်ချင်းပေါက်ဖြစ်စေ၊ မပေါက်သည်ဖြစ်စေ၊ ဂုဏ်ထူးပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ "က" စာရင်းသာဆိုပါက တက္ကသိုလ်တက်ရဖို့ သေချာနိုင်သည်ပင်။

အမေက သည်လိုပြောတော့ ကျွန်တော် ဝမ်းသာရသည်။

ကျွန်တော့်မှာ ဆယ်တန်းအောင်မှ မဟုတ်၊ ကျောင်းနေလာ၍ စာကို သွက်လက်စွာ ဖတ်နိုင်ချိန်၊ အထူးသဖြင့် ဝတ္ထုစာအုပ်များ စဖတ်ကတည်းက တက္ကသိုလ်ရူး ရူးခဲ့သည်။

ဆရာသိန်းဖေမြင့်၊ ဆရာဇဂနတို့ခေတ်က ကောလိပ်ကျောင်းသားများအကြောင်း ဖတ်ရသည့်အခါတွင်လည်း သူ့အရသာနှင့်သူ အားကျမိခဲ့သည်။ ဆရာအောင်လင်းတို့၊ ဆရာဘုန်းနိုင်တို့ခေတ် တက္ကသိုလ်အကြောင်း ဖတ်ရပြန်တော့လည်း သူ့အရှိန်နှင့်သူ ပျော်စရာကောင်းသည်များကိုတွေ့၍ အရူးဒီဂရီတက်ခဲ့သည်။

ဒီဘက်ခေတ် တက္ကသိုလ်ဝတ္ထုများ ဖတ်ရပြန်တော့ ကိုယ့်ခေတ်နှင့် ကိုယ်ဟပ်ပြီး နေမြင့်သလို အရူးလည်းရင့်ခဲ့သည်။

စင်စစ် တက္ကသိုလ်ဆိုသည်မှာ ဘယ်အချိန်မဆို လှပနေ၍ ဘယ်အခါမဆို ပျော်ရွှင်ကြည်နူးစရာ ကောင်းလှသည်ဟု ကျွန်တော် တွေးမိခဲ့သည်။

သို့သော် တကယ်ဆယ်တန်းအောင်သောအခါ ကျွန်တော့်မှာ ရူးသလောက် မပျော်နိုင်တော့။

အောင်စာရင်း ထွက်သည့်နေ့ကဆို ကျွန်တော် မျက်ရည်ကျိတ်ကျခဲ့ရသည်။

"ဟ . . . ဘာလဲကွ ထွန်းဝေရ၊ သူများတွေပြောသလို ဝမ်းသာလွန်းလို့ကျတဲ့မျက်ရည်လား"

အောင်စာရင်းကြည့်အပြီး နှစ်ယောက်သား ဝမ်းသာအားရနှင့် ရွှေရင်မျှော်တောင်ပေါ် တက်လာကြသည်။ ဘုရားပေါ်ရောက်၍ ဦးချပြီးသောအခါ ဗုဒ္ဓရှင်တော်မြတ်၏ မျက်နှာတော်ကို အသေအချာဖူးရင်း ကျွန်တော် မျက်ရည်ကျသောအခါ ကျော်ညွန့်က နားမလည်အံ့သြစွာ မေးလိုက်သည်။

ကျလာသောမျက်ရည်ကို စင်အောင်သုတ်ပြီး ကျွန်တော် သူ့ကို ခေါင်းခါပြသည်။ သူ ပို၍နားမလည်သွားဟန်တူ၏။

"ဒါဖြင့် ဘာဖြစ်လို့လဲ ထွန်းဝေ"

ထိန်းမရသဖြင့် မျက်ရည်တစ်ပေါက်ကျမိသော်လည်း ယောကျ်ားတစ်ယောက်ဟူသော ကန့်သတ်ချက်ဖြင့် ကျွန်တော် ထပ်ပြီး မျက်ရည်မကျတော့။ သို့သော် ရင်ထဲမှဝေဒနာကိုမူ အချစ်ဆုံးသူငယ်ချင်းအား ဖွင့်ပြောလိုက်ချင်လာသည်။

"ငါ ဝမ်းနည်းသွားတယ် ကျော်ညွန့်၊ ငါ့ဘဝကို ငါတွေးမိလို့ဆိုပါတော့"

"မင်းဘဝက ဘာဖြစ်နေလို့လဲ"

ကျော်ညွန့်ရင်ထဲတွင် ရှုပ်ထွေးသွားဟန်တူသည်။ သူ့လေသံကဆတ်နေ၏။

"ငါ တက္ကသိုလ် ဆက်တက်ချင်မှ တက်ရမယ် ကျော်ညွန့်"

"ဘာကွ . . . ဘာဖြစ်လို့လဲ"

ဖြစ်တယ် ကျော်ညွန့်၊ မင်းသိတဲ့အတိုင်း ငါ့အိမ်အခြေအနေက ကောင်းတာမဟုတ်ဘူး အဖေမရှိဘူးကွာ၊ အမေမုဆိုးမနဲ့နေရတယ်။ အမေ့ ကုန်ခြောက်ဆိုင်လေးဆိုတာလည်း ဒီလောက်ဝင်ငွေကောင်းလှတာ မဟုတ်ဘူး"

**ဆက်လက်ဖော်ပြပါမည်။**

**"တက္ကသိုလ်ဆိုတာ လူကြီးဖြစ်ဖို့ အစပျိုးပေးလိုက်တဲ့နေရာပဲ။ တက္ကသိုလ်ရောက်ဖို့ ကြိုးစားလာခဲ့ရတာလေးတွေလည်း ပြန်တွေးကြည့်ပေါ့။ ဘယ်သူများ တက္ကသိုလ်ကို လွယ်လွယ်လေးနဲ့ ရောက်လာခဲ့လို့လဲ" ဆရာ့စကားကြောင့် ရင်ထဲတွင် နင့်ခနဲခံစားလိုက်ရသည်။ "တချို့က ဘဝအခြေအနေကောင်းလို့ စာကြိုးစားရုံသက်သက် ရောက်လာခဲ့ရတယ်။ ဒါလည်း လွယ်လွယ်လေးလို့ ပြောလို့မရဘူး။ တချို့ကျတော့ စာကြိုးစားရုံတင်မဟုတ်ဘူး၊ ဘဝရဲ့ မြားမြောင်လှတဲ့ အဆီးအတားတော်တော်များများကို ဖြတ်သန်းပြီးမှ တက္ကသိုလ်ရောက်လာခဲ့ရတာ" ဆရာ၏ စကားမြားဦးသည် တခြားလူများဆီကိုတော့မသိ။ ကျွန်တော့်ရင်ထဲဆီသို့ကား တန်းတန်းမတ်မတ်နှင့် နက်နက်ရှိုင်းရှိုင်း လာရောက်ထိမှန်သည်။**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ"စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# မန်ယူနဲ့ အဲဗာတန်တို့ရဲ့ နည်းပြဖြစ်လာဖို့ မျှော်လင့်ထားတဲ့ ရွန်းနီရဲ့ မျှော်လင့်ချက် အမှန်တကယ်ဖြစ်လာမှာလား



တိုက်စစ်မှူး ရွန်းနီဟာ မန်ယူအသင်း ဒါမှမဟုတ် အဲဗာတန်အသင်းတို့ရဲ့ နည်းပြတစ်ဦးဖြစ်လာဖို့ မျှော်လင့်ထားတယ်လို့ ပြောကြားခဲ့ပါတယ်။ ရွန်းနီဟာ သူ့ရဲ့အသက် ၁၆ နှစ်အရွယ်ဖြစ်တဲ့ ၂၀၀၂ ခုနှစ် ဩဂုတ်လမှာ အဲဗာတန်အသင်းနဲ့အတူ ပရီမီယာလိဂ်ကစားသမားဘဝကို စတင်ဖြတ်သန်းခဲ့တာဖြစ်ပြီး နှစ်နှစ်အကြာမှာ မန်ယူအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ နဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

အဲဒီလိုပြောင်းရွှေ့လာခဲ့ပြီးနောက် တိုက်စစ်မှူး ရွန်းနီဟာ မန်ယူအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားတစ်ကြိမ် အပါအဝင် အဓိကဆုဖလား (၁၂)ကြိမ်အထိ ရယူနိုင်ခဲ့တာကြောင့် ဂန္ထဝင်ကစားသမားအဖြစ်လည်း အသိအမှတ်ပြုခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။

ရွန်းနီဟာ အိုးထရက်ဖို့ဒ်မှာ ၁၃ နှစ်ကြာ ပါဝင်ကစားခဲ့ကာ ပြိုင်ပွဲစုံ စုစုပေါင်း ၅၅၉ ပွဲမှာ သွင်းဂိုး ၂၅၃ ဂိုးအထိ သွင်းယူပေးခဲ့ပြီး အသင်းဟောင်းဖြစ်တဲ့ အဲဗာတန်အသင်းကို ပြန်လည်ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို အဲဗာတန်အသင်းဆီ ပြောင်းရွှေ့ခဲ့ပေမယ့် အဲဗာတန်အသင်းမှာ တစ်ရာသီကြာ ကစားခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ ဒါဘီကောင်တီအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

အသက် ၃၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရွန်းနီဟာ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှာ ပရော်ဖက်ရှင်နယ် ကစားသမားဘဝကနေ အနားယူခဲ့ပြီး ဒါဘီကောင်တီအသင်းရဲ့ အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။ ဒါဘီကောင်တီအသင်းနဲ့ ဘာမင်ဂမ်စီးတီးအသင်းတို့နဲ့အတူ နည်းပြဘဝ ဖြစ်သန်းခဲ့ပြီးနောက် လက်ရှိအချိန်မှာ အသင်းလက်မဲ့ဖြစ်နေတဲ့ ရွန်းနီဟာ မတ် ၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ယူအသင်းနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်အပြီးမှာ အသင်းဟောင်းတွေဖြစ်တဲ့ အဲဒီနှစ်သင်းမှာ နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ဖို့ မျှော်လင့်ထားတယ်လို့ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ရွန်းနီဟာ မန်ယူအသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် နှစ်ပေါင်းများစွာ တာဝန်ယူခဲ့ရချိန်မှာအသင်းအတွက် အောင်မြင်မှုတွေ ရယူပေးနိုင်ခဲ့ပေမယ့် ၂၀၁၃ ခုနှစ် မေလမှာ နည်းပြဖာဂူဆန် အနားယူသွားခဲ့ပြီးနောက်ပိုင်း တိုက်စစ်ကစားသမားဘဝကနေ ကွင်းလယ်ကစားသမားဘဝကို ပြောင်းလဲကစားပေးခဲ့ရတာကြောင့် သူ့ရဲ့စွမ်းဆောင်ရည်လည်း ကျဆင်းခဲ့ရတာဖြစ်ပါတယ်။ မန်ယူအသင်းနဲ့ အဲဗာတန်အသင်းတို့ရဲ့ တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်ခဲ့တဲ့ ရွန်းနီဟာ ချန်ပီယံရှစ်ကလပ် ဘာမင်ဂမ်စီးတီးအသင်းနည်းပြအဖြစ် နည်းပြတာဝန်ကို နောက်ဆုံး တာဝန်ယူကိုင်တွယ်ခဲ့တာဖြစ်ပြီး ဘာမင်ဂမ်စီးတီးအသင်းနဲ့အတူ ၈၃ ရက်သာ လက်တွဲခဲ့ရတာဖြစ်ပါတယ်။

ဘာမင်ဂမ်စီးတီးအသင်းဟာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှာ ရွန်းနီကို နည်းပြအဖြစ် ခန့်အပ်တာဝန်ပေးခဲ့တာဖြစ်ပေမယ့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ လိဒ်ယူနိုက်တက်အသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

ရွန်းနီဟာ ကစားသမားဘဝကနေ နည်းပြဘဝကို ပြောင်းလဲချိန်ကာလအစပိုင်းမှာ ဒါဘီကောင်တီအသင်းနဲ့ စတင်ခဲ့တာလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ မန်ယူအသင်း ဒါမှမဟုတ် အဲဗာတန်အသင်းရဲ့ နည်းပြတစ်ဦးဖြစ်လာဖို့လည်း မျှော်လင့်ထားတယ်လို့ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်တဲ့ ရွန်းနီက ပြောကြားခဲ့ပါတယ်။

လက်ရှိအချိန်မှာ မန်ယူအသင်းနဲ့ အဲဗာတန်အသင်းတို့ရဲ့ ရလဒ်ပိုင်းဟာ အားရစရာအခြေအနေမရှိ ဖြစ်နေတာကြောင့် ရွန်းနီမျှော်လင့်ထားတဲ့အတိုင်း မန်ယူအသင်းရဲ့ နည်းပြဖြစ်လာမလား ဒါမှမဟုတ် အဲဗာတန်အသင်းရဲ့ နည်းပြဖြစ်ခွင့်ရှိမလားဆိုတာကတော့ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမှာလည်း ဖြစ်ပါတယ်။

# ပြိုင်ပွဲစုံ ၁၂ ပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့ပြီဖြစ်တဲ့ အင်တာမီလန်



အင်တာမီလန်အသင်းဟာ မတ် ၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်မှာ ဘိုလော့ဂ်နာအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပြိုင်ပွဲစုံ ၁၂ ပွဲဆက် အနိုင်ရရှိခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ပြီဖြစ်ပါတယ်။

ဘိုလော့ဂ်နာအသင်းနဲ့ အင်တာမီလန်အသင်းတို့ရဲ့ပွဲစဉ်မှာ အင်တာမီလန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၃၇ မိနစ်မှာ ဘစ်ဆက်က သွင်းယူပေးခဲ့တာလည်း ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အင်တာမီလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဘစ်ဆက်ဟာ ယခုဘောလုံးရာသီမှာ အင်တာမီလန်အသင်းနဲ့အတူ ဒုတိယမြောက် စီးရီးအေသွင်းဂိုးကို သွင်းယူနိုင်ခဲ့တာဖြစ်ပြီး ဘိုလော့ဂ်နာအသင်းကို အနိုင်ရရှိခဲ့တာကြောင့်လည်း အင်တာမီလန်အသင်းအနေနဲ့ စီးရီးအေဖလားကို အကြိမ်(၂၀) မြောက် ဆွတ်ခူးနိုင်မယ့် အခွင့်အရေးနဲ့လည်း နီးစပ်လာခဲ့တာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အင်တာမီလန်အသင်းဟာ အမှတ်ပေးဇယား ဒုတိယနေရာက ဂျူဗင်တပ်အသင်း စီးရီးအေပွဲစဉ်(၂၈) မယှဉ်ပြိုင်မီ ဂျူဗင်တပ်အသင်းကို ၁၈ မှတ်အထိ ဖြတ်ကာ ဇယားထိပ်ဆုံးမှာ ဦးဆောင်နေတာလည်း ဖြစ်ပါတယ်။ ဘိုလော့ဂ်နာအသင်းဟာ အင်တာမီလန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၄)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်ဟာ လက်ရှိကလပ် မန်စီးတီးအသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုရေး ဆွေးနွေးမှုတွေပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။
- မန်ယူအသင်းဟာ လိုင်လီအသင်းမှပြင်သစ်ဗဟိုခံစစ်ကစားသမား လန်နီယိုရိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ပြောင်းရွှေ့ကြေးပေါင် ၄၁ သန်းအထိပေးကာ ခေါ်ယူဖို့လည်း စီစဉ်ထားတယ်လို့ သိရပါတယ်။
- နယ်သာလန်ကွင်းလယ်ကစားသမား ဗန်ဒီဘိခ်ဟာ ဖရန့်ဖက်အသင်းမှာ အငှားစာချုပ်နဲ့ သွားရောက်ကစားခဲ့ပြီးနောက် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ မန်ယူအသင်းသို့ ပြန်လာရန် မျှော်လင့်လျက်ရှိတယ်လို့ သိရပါတယ်။
- ဘီဘာအိုအသင်းမှ အသက် ၂၁ နှစ်အရွယ်ရှိ စပိန်တိုက်စစ်မှူး နီကိုဝီလျံအား ခေါ်ယူရေး အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်းတို့နဲ့အပြိုင် ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- လီဗာပူးအသင်းဟာ နည်းပြကလော့ အသင်းကနေ ထွက်ခွာခဲ့ပါက လက်ရှိလေဗာကူဆင်အသင်းနည်းပြ အလွန်ဆိုအား နည်းပြအဖြစ်ခန့်အပ်ရန် ဆန္ဒရှိနေတယ်လို့ ပြောကြားခဲ့ပါတယ်။
- ပီအက်စ်ဂျီအသင်းဟာ ဘာစီလိုနာအသင်းမှ စပိန်တောင်ပံကစားသမား လာမယ်လ်အား ခေါ်ယူရန် ယူရို သန်း ၂၀၀ အထိ သုံးစွဲသွားဖို့ အသင့်ရှိနေတယ်လို့ ပြောကြားခဲ့ပါတယ်။

ငွေကြယ် - ရေးသားသည်

# ယခုဘောလုံးရာသီမှာ အင်္ဂလန်နဲ့ ဘိုင်ယန်အတွက် သွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုး ၄၀ ရှိလာပြီဖြစ်တဲ့ ဟယ်ရီကိန်း

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ယခုဘောလုံးရာသီမှာ အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့အတွက် သွင်းယူခဲ့တဲ့ သွင်းဂိုး ၄၀ အထိရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။

ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက စပါးအသင်းကနေ ပေါင်သန်း ၉၀ နဲ့ ပြောင်းရွှေ့လာတဲ့ ဟယ်ရီကိန်းဟာ မတ် ၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ မိန့်ဇ်အသင်းတို့ပွဲစဉ်မှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းက မိန့်ဇ်အသင်းကို ရှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းနဲ့ မိန့်ဇ်အသင်းတို့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၃ မိနစ်၊ ပထမပိုင်းပွဲကစားချိန်အပြီး နာကျင်အချိန်ပို ခုနစ်မိနစ်နဲ့ မိနစ် ၇၀ တို့မှာ ဟယ်ရီကိန်းက သုံးဂိုး၊ ၁၉ မိနစ်နဲ့ သာမန်ပွဲကစားချိန်မိနစ် ၉၀ အပြီး နာကျင်အချိန်ပို နှစ်မိနစ်တို့မှာ ဂိုရက်ဇ်ကာက နှစ်ဂိုး၊ ၄၇ မိနစ်မှာ မူလာက တစ်ဂိုး၊ ၆၁ မိနစ်မှာ မူဆီယာလာကတစ်ဂိုးနဲ့ ၆၆ မိနစ်မှာ ဂျီနာဘရီတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး မိန့်ဇ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ၃၁ မိနစ်မှာ အမ်မီရီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဟယ်ရီကိန်းဟာ အခုပွဲစဉ်မှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့လို့ ကစားသမားဘဝ ဘွန်ဒက်လီဂါပထမဆုံးရာသီမှာ ဟက်ထရစ်သွင်းဂိုး လေးကြိမ်အထိ ရယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့တဲ့အပြင် အမှတ်ပေးဇယားထိပ်ဆုံးက ရပ်တည်နေတဲ့ လေဗာကူဆင်အသင်းနဲ့လည်း ရမှတ်ခုနစ်မှတ်သာ ကွာဟတော့တာဖြစ်ပါတယ်။

အသက် ၃၀ အရွယ်ရှိ အင်္ဂလန်အသင်းခေါင်းဆောင် ဟယ်ရီကိန်းဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါပွဲစဉ် ၂၅ ပွဲပါဝင်ကစားပြီးချိန်မှာ သွင်းဂိုး ၃၀ ရှိလာခဲ့ပြီဖြစ်ပါတယ်။ နည်းပြသောမက်တူချယ်ရဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ လက်ရှိအချိန်မှာ အမှတ်ပေးဇယားထိပ်က နည်းပြဇာဗီရဲ့ လေဗာကူဆင်အသင်းနဲ့ ရမှတ်ခုနစ်မှတ်သာ ကွာဟတော့တာကြောင့် ဘွန်ဒက်လီဂါဖလားကို (၁၂)ကြိမ်ဆက် ရယူဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည်အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ဗိုလ်ခန့်လမ်း၊ မြေကွက်အမှတ်(၃၆၄-က)၊ အကျယ်အဝန်း(၂၀x၆၀)ပေ၊ (၁၂၀၀)စတုရန်းပေရှိ ပါမစ်မြေသည် ရန်ကုန်မြို့တော်စည်ပင် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ယခုရောင်းချသူ ဦးချစ်ထွန်း BSN/W-170486[၁၂/မရက(နိုင်)၀၅၈၀၇၀]အမည်ပေါက်တည်ရှိပြီး အဆိုပါမြေကွက်နှင့်ပတ်သက်သည့် ပါမစ်မူရင်းနှင့်တကွ အိမ်အား ၎င်းမှမိမိတရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်နေထိုင်ပါကြောင်း၊ တရားရုံးနှင့်တကွ သက်ဆိုင်ရာဌာနအသီးသီးတွင် အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်း လွတ်လပ်စွာ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိမ့်ဖြူနိုင်(LL.B,D.B.L,DML)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၇၇)**
**တိုက်-(အေ-၂)၊ အခန်း(၀၀၃)၊ မြေညီ၊ ချယ်ရီ(၁)လမ်း၊**
**ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံအရှေ့မြို့နယ်။**
**ဖုန်း-၀၉-၇၆၄၅၀၅၄၈၂၊ ၀၉-၅၅၀၅၄၈၂**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၀၅၄)၊ အကျယ်အဝန်း(၄၀'x၆၀')၊ (၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်ဖြူဖြူမွန်[၁၂/ဒဂမ(နိုင်)၀၀၄၉၆၁]အမည်ပေါက်တည်ရှိပြီး ယင်းမြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသည့် အမှတ်(၁၀၅၄/က)၊ ကျွန်းရွှေမြိုင်(၇)လမ်း၊ (၁၈)ရပ်ကွက်ဟု ခေါ်တွင်သော အကျယ်အဝန်း(၂၀'x ၆၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသည့် (၁)ဦးဆွေမျိုးထွန်း[၁၂/သဃက(နိုင်)၀၄၄၉၆၆]နှင့် (၂)ဒေါ်မြစန္ဒာ[၁၂/သဃက(နိုင်)၁၄၁၇၄၄]တို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို)ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဆွေမျိုးထွန်းနှင့်ဒေါ်မြစန္ဒာတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/ က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်(၃)လမ်း၊ အမှတ်(၁၅၀/က)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိသော နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မြေကွက်ကိုမျက်နှာမူလျက်(ဘယ်ဘက်ခြမ်း)၊ (၁၀ပေx၆၀ပေ)ရှိသော မြေနှင့်ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်များအား ဂရန်အမည်ပေါက် ဦးအောင်ထွေးထံမှ အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူထားသူများဖြစ်သည့် ဒေါ်ခင်ဆွေဝင်း[၁၂/သဃက(နိုင်)၁၅၅၇၈၁]နှင့် ဦးအောင်မင်းသိန်း[၁၂/ဒဂမ(နိုင်)၀၀၇၅၈၄]တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်မိုးရွှေ (LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၄၄၅၇**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်-ဘဘ-၁၀၊ ဦးပိုင်အမှတ်(၆၉)၊ ၄၇x၄၈လမ်း၊ ၁၁၄x၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းအောင်ကျော်၏(S.P ရရှိသူ ဦးခင်မောင်ဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်သီး[၂/လကန(နိုင်)၁၂၇၈၀၄]က အမှုတွဲအမှတ်-၇၆၆၉/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ လူနေရပ်ကွက်အမှတ်(၃၀)၊ ရွှေသီရိလမ်း၊ မြေကွက်အမှတ်(၉၄)၊ အကျယ်အဝန်း(၄၆)ပေx(၆၀)ပေရှိ ဦးစိုးမောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀ပေx၆၀ပေ) (မူရင်းခြမ်း) (မြေကွက်အမှတ်-၉၅နှင့်ကပ်လျက်ဘက်အခြမ်း)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်တစ်လုံးအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ရီရီမြင့် [၁၂/လသန(နိုင်)၀၁၂၄၂၉]၊ ဦးမြင့်လွင် [၁၂/လသန(နိုင်) ၀၁၂၃၉၁]တို့မှ မိမိတို့သာလျှင် အပြီးအပိုင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မြူသင်း** | **ဒေါ်ဖွန့်မေဒေး LL.B** |
| **[၁၂/ရကန(နိုင်)၀၆၂၈၄၄]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)** |
| | **အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉-၄၂၀၂၄၄၃၁၆** |

### ဖခင်အမည်မှန်

ဒိုက်ဦးမြို့၊ အထက (အိမ်ခြေလေးဆယ်)၊ Grade-9 မှ မောင်ကောင်းမြတ်၏ ဖခင်အမည်မှန်မှာ မောင်ဖိုးသဲ[၇/ဒဥန(နိုင်)၁၂၇၉၆၃] ဖြစ်ပါကြောင်း။

**မောင်ဖိုးသဲ**

### အမည်ပြောင်းလဲခေါ်ပါရန်

အဖအမည် ဦးချစ်တင်ညွှန့်-အမိအမည် ဒေါ်တင်လှတို့၏သမီး ကျွန်မ မစန္ဒာညွှန့်[၁၀/မလမ(နိုင်)၁၄၅၁၀၂](မှတ်ပုံတင်နံပါတ်)သည် ရုပ်ရှင်အစည်းအရုံးဝင်အမှတ်-3032(အဓိက)သရုပ်ဆောင် မမဆောင်းအမည်ဖြင့် ကတ်ကျပြီးပါပြီ။ ကျွန်မ မမဆောင်းကို ယနေ့မှစပြီး မမဆောင်းဟုပဲ ခေါ်ပါရန် ကြေညာအပ်ပါသည်။ ယခင် သရုပ်ဆောင်အမည် ဆောင်းအိန္ဒြေထွန်းအမည်အား မသုံးစွဲတော့ပါရှင့်။

### ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗဟိုလမ်း၊ တိုက်အမှတ်(၇၇၄)၊ (၂)ခန်းတွဲ (၃ ၁/၂ /၄)ထပ်တိုက် အဆောက်အဦမှ (ပထမထပ်/A-1)နှင့် (ပထမထပ်/A-2) (၂)ခန်းတွဲ တိုက်ခန်း(၂)ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်။

